မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၉ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး တတိယအကြိမ်ဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဇွန် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့ ပူးပေါင်း၍ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး တတိယအကြိမ်ဆွေးနွေးပွဲ (Third Recovery Forum) ကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

<u>တက်ရောက်</u>

အဆိုပါ ဆွေးနွေးပွဲသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးသူရိန်ဇော်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးတင်ငွေနှင့် ဦးအောင်မျိုးမင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်၏ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Dr. William Sabandar၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နာဂစ်မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေး ဆွေးနွေး

နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး တတိယအကြိမ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့်စပ်လျဉ်း၍ IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီး ဦးတင်ဝင်းက IAEA မှ Division of Operations A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Marco Marzo ထံသို့ ပြန်ကြားစာပေးပို့

နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလကလည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်း မရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်းမရှိ

နေပြည်တော် ဇွန် ၁၈

မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့်စပ်လျဉ်း၍ IAEA မှ Division of Operations A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Marco Marzo က IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းထံသို့ ဇွန် ၁၄ရက် ရက်စွဲဖြင့် ပေးစာတစ်စောင်ပေးပို့ခဲ့သည်။ အဆိုပါပေးစာတွင် အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားခဲ့သည့် သတင်းမှတ်တမ်းပါအတိုင်း မြန်မာနိုင်ငံတွင် ယူရေနီယမ်သတ္တုအား ပုံစံပြောင်းခြင်း၊ အင်အားကောင်းမွန်အောင်ပြုလုပ်ခြင်း (သို့မဟုတ်) နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ခြင်း (သို့မဟုတ်) တည်ဆောက်လျက်ရှိခြင်း (သို့မဟုတ်) ယခင်က ဆောက်လုပ်ထားသည့်အစီအစဉ်ရှိခဲ့ခြင်း (သို့မဟုတ်) လာမည့်အနာဂတ်ကာလတွင် ဆောက်လုပ်ရန် စီမံထားခြင်း ရှိ/ မရှိ စသည်တို့ကို IAEA သို့ ပြန်ကြားပေးပါရန် ဖော်ပြပါရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

19-6 (01).pmd 1 6/19/2010, 1:52 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၁၉ ရက်)

ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လက်တွဲပါဝင်ကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် လိုအပ်သည်။

နိုင်ငံတော်အစိုးရလက်ထက် ပညာရေးကဏ္ဍတွင် နှစ်(၃၀)ပညာရေးစီမံကိန်းရေးဆွဲပြီး ခေတ်မီပညာရပ်များ တစ်ရှိန်ထိုးမြင့်မားလာရန် ဆောင်ရွက်ခဲ့ရာ နိုင်ငံတစ်ဝန်း၌ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၆၁ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စာတတ်မြောက်မှုနှုန်း ၉၄ ရာခိုင်နှုန်း ရှိလာခဲ့သည်။ မူလတန်းအဆင့် ကျောင်းနေနှုန်း ၉၈ ရာခိုင်နှုန်းအထိရှိလာခဲ့ပြီး ပညာရပ်နယ်ပယ်တွင် အခြားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများနှင့် တန်းတူနီးပါး ကျယ်ပြန့်လာစေရန် ဘာသာစုံသင်ကြားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေများ လက်လှမ်းတမီဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၆၄၉၈၉ ရွာအနက် စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခု ဖွင့်လှစ်ပေးခဲ့ပြီး အခိုင်အမာ ကိုယ်ပိုင်အဆောက်အအုံ၊ စာအုပ် စာစောင်၊ ပရိဘောဂ၊ စာကြည့်တိုက်မှူးများထားရှိနိုင်သည့် စာကြည့်တိုက်ပေါင်း ၂၉၁၈၅ ခု ထူထောင်ထားနိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာခဲ့သည်။ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ဆောက်ခြင်းသည် အသိပညာဗဟုသုတမြင့်မားရေးအတွက်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကကျသည့် အမျိုးသားရေးတာဝန်လည်း ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ရာ ဖောင်ဒေးရှင်း၏ အခြေခံမူဝါဒမှာလည်း အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဖော်ဆောင်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ပြည်သူများ၏ အသိပညာဗဟုသုတမြင့်မားရေး၊ ကျေးလက်ပြည်သူများ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသာမက စိတ်ပိုင်းအရ ပိုမိုတိုးတက်လာရန်အတွက် ကျေးလက်စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးကို ငွေအား၊ လူအားဖြင့် ပြည်သူများက အင်တိုက်အားတိုက် လက်တွဲပါဝင် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာဝဘူတာကျေးရွာ လမ်း၊ တံတား ပြုပြင်တည်ဆောက်မှု

တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် တာဝဘူတာကျေးရွာအဝင် လမ်း၊ တံတားပြုပြင်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်ပင်ကွင်းကျေးရွာရှိ တောင်သူတစ်ဦး၏ ရော်ဘာစိုက်ပျိုးရေးခြံအတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ချယ်ရီဦးမှ CHERRY OO Watch Clinic ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၈

Naing Family Co., Ltd. ၏ ချယ်ရီဦးနာရီဆိုင်မှ CHERRY OO Watch Clinic ကို ဇွန် ၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ခုနစ်လွှာ အခန်းအမှတ် (၇၂၈)၌ ဖွင့်လှစ်လိုက်သည်။ **(အပေါ်ပုံ)**

စီစဉ်ဆောင်ရွက်

အဆိုပါ CHERRY OO Watch Clinic ၌ ကျွမ်းကျင်ပညာရှင်များက ခေတ်မီစုံလင်သော စက်ကိရိယာများ အသုံးပြုပြီး တန်ဖိုးကြီး ROLEX နှင့် အခြားတန်ဖိုးမြင့် Swiss Made နာရီများကို အကောင်းဆုံး ဝန်ဆောင်မှု၊ သင့်တော်မှန်ကန်သောနှုန်းထားတို့ဖြင့် ပြုပြင်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်။

ရောင်းချပေး

ကုန်သည်ကြီးများ ဟိုတယ်တွင် CHERRY OO Luxury Watch Gallery ကိုလည်း ဖွင့်လှစ်ထားရှိပြီး ROLEX (Swiss Made) နာရီအသစ်၊ ပစ္စည်းစစ် ပစ္စည်းမှန်များကို နိုင်ငံတကာ ဈေးနှုန်းများထက် သက်သာမှန်ကန်သော ဈေးနှုန်း၊ International Warranty တို့နှင့်အတူ အထူးအာမခံဖြင့် ရောင်းချပေးလျက်ရှိသဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သည့်အပြင် မှတ်သုံးရာသီ အထူးအစီအစဉ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ RAYMOND WEIL (Swiss Made) နာရီများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရယူ ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက CHERRY OO @ Traders Hotel ဖုန်း -၉၅၁ - ၇၃၀၃၂၉၇၁နှင့် ၂၄၂၈၂၈ လိုင်းခွဲ ၆၄၃၇နှင့် ၇၇၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံ ဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဗီယက်နမ်နိုင်ငံ Hanoi People Committee တို့ ပူးပေါင်း၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၁ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရန် စီစဉ်လျက်ရှိရာ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ရန် စိတ်ဝင်စားသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် UM FCCI သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့ လည်းကောင်း၊ UMFCCI ရှိ နိုင်ငံတကာဆက်ဆံရေးဌာနသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အဂ္ဂိလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗာဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အနိုင်းမဲ့မီး** တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၇:၀၀	MRTV-4 သတင်း
၇:၄၅	မြန်မာမှု၊ မြန်မာ့ဟန်နဲ့ မြန်မာ့အလှူ
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၁)
၈:၃၀	Activities in the City -Sony Expo 2010 Press Conference -တောင်ဒဂုံ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ
၈:၅၀	အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
၉:၁၀	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၉:၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၃၀	နှစ်ခြိုက်စွာအိပ်ပျော်စေမှာ Lavender
၁၀:၄၀	သနပ်ခါးနှင့်ထပ်တူ····
၁၀:၅၀	သွားမယ် စားမယ် (ORZO Buon Appetito)
၁၁:၁၅	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁:၂၅	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၁၁:၃၀	ရန်ကုန်မြင်ကွင်းကျယ် (Feel 3 Gold ဆိုင်သစ်ပြောင်းလဲဖွင့်လှစ်ခြင်းအခမ်းအနား)
၁၁:၅၅	**လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၂:၀၅	Activities in the City -Sony Expo 2010 Press Conference -တောင်ဒဂုံ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ
၁၂:၃၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၂) (ကလေးများနှင့်ကင်ဆာရောဂါ)
၁:၀၀	**အနိုင်းမဲ့မီး** တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Rock Beach)
၃:၁၅	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၁)
၄:၂၀	အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
၄:၄၅	ဂျုချဲအိုင်ဒီယာ၏သမိုင်းကြောင်း
၅:၀၅	သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ် စားမယ် (ORZO Buon Appetito)
၆:၄၀	ရန်ကုန်မြင်ကွင်းကျယ် (Silk-n-Shine Gold Coin Lucky Draw)
၇:၀၀	Fashion Music Festival (Rock Beach)
၇:၂၅	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉:၁၅	မြန်မာမှု၊ မြန်မာ့ဟန်နဲ့ မြန်မာ့အလှူ
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၁)
၁၀:၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၂) (ကလေးများနှင့်ကင်ဆာရောဂါ)
၁၀:၂၅	Sports World
၁၀:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Feel 3 Gold ဆိုင်သစ်ပြောင်းလဲဖွင့်လှစ်ခြင်းအခမ်းအနား)
၁၁:၀၅	Road to Highest Competition (England)
၁၁:၂၅	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
၁၁:၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထက၌ မေ၂၈ရက်က ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စား အသင်းဥက္ကဋ္ဌ ဒေါ်မေရီထွန်းက ငွေကျပ်တစ်သိန်း လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးလှဦးက လက်ခံယူစဉ်။

(မြို့နယ်ပြန်/ဆက်)

19-6 (02).pmd 1 6/19/2010, 1:52 AM

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်(NPT)အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်

နျူကလီးယားစီမံကိန်းနှင့်စပ်လျဉ်းသည့် ပြည်ပသတင်းမီဒီယာများ၏ စွပ်စွဲပြောကြားချက်များ အခြေအမြစ်မရှိ

* ရှေ့ဖုံးမှ

သဘောတူလက်မှတ်ရေးထိုး

အဆိုပါ အကြောင်းကြားစာနှင့်စပ်လျဉ်း၍ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက Mr.Marco Marzo ထံသို့ ယနေ့ရက်စွဲဖြင့် ပြန်ကြားစာပေးပို့ခဲ့သည်။ ယင်းပြန်ကြားစာတွင် **မြန်မာနိုင်ငံ၏ နျူကလီးယားစီမံကိန်းနှင့်စပ်လျဉ်းသည့် ပြည်ပသတင်းမီဒီယာများ၏ စွပ်စွဲပြောကြားချက်များသည်** အခြေအမြစ်မရှိသည့် မခိုင်လုံသော သတင်းအချက်အလက်များသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယူရေနီယမ်ပြောင်းလဲထုတ်လုပ်မှု၊ ယူရေနီယမ်လောင်စာ အဆင့်မြှင့်သန့်စင်မှု၊ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှု၊ အသုံးပြုလည်ပတ်မှု စသည့် နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလက လည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်းမရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်(NPT)အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး နျူကလီးယားပစ္စည်းများနှင့် စက်ရုံများအား **IAEA** ၏ စောင့်ကြည့်အကဲခတ်မှုအောက်တွင် ထားရှိရေးဆိုင်ရာ သဘောတူညီချက် **(Safeguards Agreement)** နှင့် ၎င်း၏နောက်ဆက်တွဲတို့ကို ၁၉၉၅ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နျူကလီးယားဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက **IAEA** သို့ အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်ဟု ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၈

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ရက် ညနေပိုင်းက ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဗိုလ်ချုပ်ဟံစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဦးလွန်းသီအား

အီရန်နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက်အလီဖာသိုလာဟီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၆-၂၀၁၀ (စနေနေ့)

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ရက်

(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ အကပြိုင်ပွဲ
- ၈:၅၀ ၁၁။ **ကျန်ရစ်ခဲ့လေသော ခြင်ထောင်လေးတစ်လုံး**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ** (အပိုင်း-၁၇)
- ၁၃:၅၀ ၇။ လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်နေသော မန့်ဟီးရိုးမြို့နဲ့ နမ့်ခမ်းမြို့နယ်မြေ
- ၁၄:၀၀ ၈။ လောကနီတိ **အမေ့သား** မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာ-ဦးခင်ဇော်)
- ၁၄:၅၀ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ **စပါးကရွှေ ငါးကငွေ**
- ၅:၂၀ ၈။ မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့
- ၅:၃၀ ၉။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)
- ၅:၄၅ ၁၀။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နယ်သာလန် နှင့် ဂျပန်)**
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ အလှကိုယ်စီ ဘဝကိုယ်စီ တေးဆို-ဝင်းဝင်းအောင်(မြို့မ)၊ သရုပ်ဆောင်-ပပဝင်းခင် တေးရေး-ကိုရွှန်းမြင့်(မြို့မ)
- ၁၅။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၄)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၇)
- ၁၇။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

နံနက်ပိုင်း

- ၀၁:၀၀ ၁၉။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကင်မရွန်း နှင့် ဒိန်းမတ်)**
- ၂၀။ အစီအစဉ်ပြီး၏။

စာကြည့်တိုက်များ စံ(၅)ရပ်ညီရေး ပုသိမ်ခရိုင်၌ ဆောင်ရွက်

ပုသိမ် ဇွန် ၁၈

ပုသိမ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ဖြစ်ပေါ်လာရေးနှင့် ရေရှည်ရှင်သန်ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထားရှိကာ စေတနာရှင်၊ အလှူရှင်များက စာအုပ်စာစောင် အလှူငွေများ၊ ပရိဘောဂများ၊ မီဒီယာပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဇွန် ၁၈ရက် နံနက် ၉နာရီက ပုသိမ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ ချမ်းသာကဖီးပိုင်ရှင် ဦးစိုးမြင့်နှင့် ဇနီး ဒေါ်ပြုံးကြည်မိသားစုက ခရိုင်ရုံးတွင် ပုသိမ်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၃၅၀ကို ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၁၆ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မူဆယ်မြို့ အမှတ်(၁) မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရန် အရန်ရေသိုလှောင်ထားရှိမှု၊ လုံခြုံရေးမီးနှင့် ဈေးဆိုင်ခန်းမီးများ စနစ်တကျ ခွဲခြားသွယ်တန်းထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တန်းမြင့်မြေတိုင်းနှင့် လုပ်ငန်းခွင် မြေတိုင်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၃၀)နှင့် တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ် (၁၃) ဆင်းပွဲအခမ်းအနားကို ဇွန် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၈

ဇွန် ၁၈ရက် နံနက် ၉နာရီ ၅၁မိနစ် ၅၂စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၁၈၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဘင်္ဂလားပင်လယ်အော်) နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၄ ဒသမ ၅အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၂၅၈)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဇွန် ၁၈

(၂၅၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ရက် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ ငါးဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၃ဆု၊ ငွေကျပ် ၁၀ သိန်း ၂၈၆ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၂၆၀နှင့် ငွေကျပ် တစ်သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်ဝန်ကြီးချုပ်သစ် နာအိုတိုကန်

ဂျပန်ဝန်ကြီးချုပ်သစ် နာအိုတိုကန် ပါလီမန်၌ အယုံအကြည်မရှိအဆိုကို အနိုင်ယူ

တိုကျို ဇွန် ၁၈

ဂျပန်ဝန်ကြီးချုပ်သစ် နာအိုတိုကန်မှာ အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)တို့ ထောက်ခံသည့် အယုံအကြည်မရှိအဆိုကို ဂျပန်ပါလီမန်တွင် အနိုင်ရရှိလိုက်ကြောင်း ဇွန် ၁၈ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အယုံအကြည်မရှိ

ရှေ့လကျင်းပမည့် ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံ အယ်လ်ဒီပီပါတီက ပါလီမန်တွင် ဝန်ကြီးချုပ်အား အယုံအကြည်မရှိအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အားစမ်း

ဝန်ကြီးချုပ် ကန်၏ပါတီက ထောက်ခံမဲ ၃၁၅မဲ၊ ကန့်ကွက်မဲ ၁၅၃မဲဖြင့် အောက်လွှတ်တော်တွင် အလွယ်တကူ အနိုင်ရရှိသွားသည်။ ယင်းသို့ဝန်ကြီးချုပ်အား အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမှာ အထက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံပါတီက အားစမ်းသည့်သဘော လုပ်ကိုင်ခြင်းဖြစ်မည်ဟု ဝေဖန်သုံးသပ်သူများက ပြောကြားသည်။ (အင်တာနက်)

ကမ္ဘာ့ကုန်စည်ပြပွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပနေသည့် ကမ္ဘာ့ကုန်စည်ပြပွဲ၏ ညအလှမြင်ကွင်းကို ဇွန် ၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အင်အားကြီးမားသည့် ဓာတ်ပေါင်းဖို အီရန် တည်ဆောက်ရန် စီစဉ်

တီဟီရန် ဇွန် ၁၈

အီရန်သုတေသနဓာတ်ပေါင်းဖိုထက် အင်အားပြင်းထန်သည့် ဓာတ်ပေါင်းဖိုတစ်ခုကို လအနည်းငယ်အတွင်း တည်ဆောက်မည့် အစီအစဉ်များ အီရန်အဏုမြူစွမ်းအင်အဖွဲ့ (အေအီးအိုအိုင်)တွင်ရှိကြောင်း ဇွန်၁၇ရက်က အင်တာနက်သတင်းအရသိရသည်။

ပုံစံအရ အီရန်ဓာတ်ပေါင်းဖိုနှင့်ဆင်တူပြီး အဆင့်မြင့်သန့်စင်မှု ပြုလုပ်နိုင်မည့် အဆိုပါဓာတ်ပေါင်းဖိုကို လာမည့်မတ်လတွင် စတင်ဆောက်လုပ်နိုင်မည်ဟု အေအီးအိုအိုင် ညွှန်ကြားရေးမှူး ဆာလီဟီက ပြောကြားသည်။

ကျော်လွန်

အဆိုပါ စီမံကိန်းပြီးစီးမည့်အချိန်သည် ငါးနှစ်ထက်ကျော်လွန်မည်မဟုတ်ဟု ၎င်းက ပြောကြားသည်။

စတင်တည်ဆောက်

မိမိတို့အနေဖြင့် နိုင်ငံ၏မြောက်ဘက်၊ တောင်ဘက်၊ အနောက်ဘက်နှင့် အရှေ့ဘက်ဒေသများတွင် ဓာတ်ရောင်ခြည်ဆိုင်ရာ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်ပေါင်းဖိုများ စတင်တည်ဆောက်မည့် အစီအစဉ်များရှိကြောင်း သိရသည်။

ဖြည့်ဆည်းပေး

ယင်းသို့ ဆောက်လုပ်ခြင်းဖြင့် နိုင်ငံ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး အခြားဒေသဆိုင်ရာနိုင်ငံများ၏ တောင်းဆိုချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဟု ဆာလီဟီက ပြောကြားသည်။ (အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ကျင်းပသည့် စက်ရုပ်ပြိုင်ပွဲအတွင်း ဂျပန်နိုင်ငံမှ လူသားစက်ရုပ်နှင့် တောင်ကိုရီးယားနိုင်ငံမှ လူသားစက်ရုပ်(ယာ)တို့ ယှဉ်ပြိုင်တိုက်ခိုက်နေဟန်ကို ဇွန်၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ငွေစက္ကူအတုလက်ဝယ်ထားရှိသူများ မလေးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

ကွာလာလမ်ပူ ဇွန် ၁၈

မလေးရှားနိုင်ငံတွင် နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံတို့မှ နိုင်ငံခြားသားလေးဦးအား မလေးရှားရင်းဂစ် ငွေစက္ကူအတု ၁ဒသမ၈သန်း လက်ဝယ်ထားရှိမှုဖြင့် မလေးရှားရဲတပ်ဖွဲ့က ဇွန်၁၅ရက်တွင် ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ထိန်းသိမ်း

ထိုသူများသည် အသက် ၂၂နှစ်မှ အသက် ၃၀အတွင်းဖြစ်ပြီး ၎င်းတို့၏ နေအိမ်တွင်ပုံနှိပ်သော အမေရိကန်ဒေါ်လာ ၁၀တန်၊ ၂၀တန်၊ ၅၀တန်၊ ၁၀၀တန်များနှင့် မလေးရှားရင်းဂစ် ၅၀တန်များနှင့်အတူ ဖမ်းဆီးမိကြောင်း ကွာလာလမ်ပူမှ စီးပွားရေးရာဇဝတ်မှု ထိန်းသိမ်းရေးရဲတပ်ဖွဲ့ခေါင်းဆောင်အိုင်ဇာနီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားလိုက်ခြင်းဖြစ်သည်။

သိမ်းဆည်းရမိ

ထို့ပြင် ၎င်းတို့ထံမှ ငွေစက္ကူအတု ပြုလုပ်ရာတွင် အသုံးပြုမည့် အမေရိကန်ငွေစက္ကူနှင့် အရွယ်အစားတူစက္ကူအလွတ်များကိုလည်း သိမ်းဆည်းရမိကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပင်စင်လစာ တိုးမြှင့်ပေးရန် ဘရာဇီးအစိုးရ ဆုံးဖြတ်

ရီယိုဒီဂျနေးရိုး ဇွန် ၁၈

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ပင်စင်လစာများ ၇ဒသမ၇ရာခိုင်နှုန်း တိုးမြှင့်ပေးသည့် ၎င်း၏ဆုံးဖြတ်ချက်ကို ကာကွယ်ပြောကြားပြီး ယင်းအစီအစဉ်ကြောင့် ဘရာဇီးနိုင်ငံ ချွတ်ခြုံကျနိုင်မည့် အခြေအနေမရှိကြောင်း ပြောကြားလိုက်သည်။

ပြုလုပ်

အစိုးရက ပြည်သူ့ငွေစာရင်းတွင် ကိုက်ညီအောင် ညှိပေးမည်ဖြစ်သည့်အပြင် ပင်စင်တိုးပေးမှုကာမိရန် အသုံးစရိတ်ဖြတ်တောက်မှုနှင့်လိုအပ်သည့် ငွေကြေးကိုက်ညီမှုများ ပြုလုပ်မည်ဟု လူလာက ပြောကြားသည်။

လျော့ပါး

ပင်စင်လစာတိုးမြှင့်မှုကြောင့် စားသုံးမှုကဏ္ဍတွင် ဝယ်လိုအားများလာနိုင်ပြီး ပြည်သူပိုင်ငွေကြေး ထိခိုက်မှုလျော့ပါးစေရန် အထောက်အကူပြုနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ပီကေကေ သူပုန်များအား တူရကီတပ်ဖွဲ့ လိုက်လံတိုက်ခိုက်

အင်ကာရာ ဇွန် ၁၈

အီရတ်နိုင်ငံမြောက်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်သည့် ကာ့ဒ်သူပုန်များအား တူရကီတပ်ဖွဲ့မှ လိုက်လံတိုက်ခိုက်ရာ စစ်သွေးကြွလေးဦးသေဆုံးသည်ဟု တူရကီအာဏာပိုင်အဖွဲ့က ဇွန် ၁၇ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံအတွင်းရှိ သူပုန်များခိုအောင်းရာဒေသသို့ လေကြောင်းမှတိုက်ခိုက်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ကြီးစိုး

တူရကီနယ်စပ်၌ လုံခြုံရေးတပ်အပေါ် အောင်မြင်မှုမရရှိခဲ့သည့်သူပုန်တို့၏ တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ယင်းကဲ့သို့ တူရကီတပ်ဖွဲ့က ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်ဟု တူရကီအာဏာပိုင်အဖွဲ့က ပြောကြားသည်။

တူရကီနိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ ပီကေကေသူပုန်များကြီးစိုးလျက်ရှိပြီး တူရကီတပ်ဖွဲ့နှင့် ပီကေကေ သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့် လူပေါင်း ၄၀၀၀၀ကျော် သေဆုံးခဲ့ရသည်ဟုဆိုသည်။ ***(အင်တာနက်)***

အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုဖြစ်ပွား ၃၉ဦးသေဆုံး

ကဘူးလ် ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်းတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အာဖဂန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန် စစ်သွေးကြွများအတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၃၉ ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သေဆုံး

ဒယ်ကွန်ဒီပြည်နယ်တွင်ရဲတပ်ဖွဲ့ဝင်များနှင့်တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်၁၀ဦး သေဆုံးသည်ဟု အာဖဂန်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း စစ်သွေးကြွ ၂၁ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဌာနက ဇွန် ၁၆ရက်၌ ပြောကြားသည်။

ဖောက်ခွဲ

တာလီဘန်စစ်သွေးကြွများက တောင်ပိုင်းဒေသကို ဗုံးဖောက်ခွဲတိုက်ခိုက်ရာ အာဖဂန်အရာရှိရှစ်ဦး သေဆုံးသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးက အီရန်အား တိုက်ခိုက်ရန် လေကြောင်းပိုင်နက် ခွင့်ပြုမည်မဟုတ်ဟု ဆော်ဒီပြောကြား

ရီယာ့ဒ် ဇွန် ၁၈

အီရန်အားတိုက်ခိုက်ရန်အတွက် ဆော်ဒီအာရေဗျက ယင်း၏လေကြောင်းပိုင်နက်ကို အစ္စရေးအား အသုံးချခွင့်ပြုမည်ဟူသော ဗြိတိန်သတင်းဌာန၏ဖော်ပြမှုများသည် မဟုတ်မမှန်လုပ်ကြံသည့်သတင်းများသာဖြစ်ကြောင်း တီဟီရန်မြို့တော်ရှိ ဆော်ဒီအာရေဗျသံရုံးက ဇွန်၁၇ရက်တွင် ပြောကြားကာ ပယ်ချလိုက်သည်။

ငြင်းဆန်

အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်များရှိသည့်နေရာများအား လေကြောင်းမှတိုက်ခိုက်ရန်အတွက် အစ္စရေးကိုအသုံးပြုခွင့်ပေးရန် ဆော်ဒီအာရေဗျက သဘောတူထားသည်ဟု သည်တိုင်းမ်သတင်းစာ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ရေးသားခဲ့သည်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဖော်ပြပါသတင်းမှားယွင်းသည်ဟု တုံ့ဆိုင်းမှုမရှိ ငြင်းဆန်ကြောင်း ဆော်ဒီသတင်းဌာနက ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

ဆော်ဒီအနေဖြင့် နိုင်ငံတစ်နိုင်ငံအား တိုက်ခိုက်ရန်အတွက် မိမိ၏လေကြောင်းပိုင်နက်ကို မည်သည့်အခါမျှ အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း၊ အထူးသဖြင့် သံတမန်ဆက်ဆံရေးမရှိသည့် အစ္စရေးနိုင်ငံအား ယင်းအခွင့်အရေးမျိုး ပေးမည်မဟုတ်ကြောင်း ဆော်ဒီအစိုးရက ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

ဟားခါးမြို့၌ လက်ဖက်စိုက် ကိုင်းဖြတ်ပျိုးထောင်နည်းသရုပ်ပြ

ဟားခါး ဇွန် ၁၈

ချင်းပြည်နယ် ဟားခါးမြို့တွင် လက်ဖက်စိုက်ပွဲတော်ကို ဇွန် ၉ရက်က ကျောထုတ်စိုက်ပျိုးရေးခြံ၌ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ လက်ဖက်ပင်ပေါင်း ၃၆၀၀ စိုက်ပျိုးသည်။

ထို့နောက် လက်ဖက်ကိုင်းဖြတ်ထိုး ပျိုးထောင်နည်း သရုပ်ပြပွဲကို အစိုးရသိပ္ပံနှင့်နည်းပညာကျောင်းဝင်း၌ကျင်းပရာ ကထိက ဒေါ်ယဉ်ယဉ်ထွေးက သရုပ်ပြရှင်းလင်းတင်ပြသည်။

(ပြည်နယ် ပြန်/ဆက်)

ခရိုင်ချင်းဆက်လမ်း ကတ္တရာခင်း

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားအနီး မိုင်တိုင်အမှတ်(၀/၀)မှ ဝက်လက်မြို့နယ် ရှိမ္မကားကျေးရွာ မိုင်တိုင်အမှတ်(၂၆/၃)အထိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၁၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(တိုင်းစည်ပင်)

သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိရေး လှိုင်ကော်မြို့နယ်အတွင်း၌ ဆောင်ရွက်ပေး

လှိုင်ကော် ဇွန် ၁၈

ကယားပြည်နယ်အတွင်း သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သောက်သုံးရေရှားပါးသော ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိရာ လှိုင်ကော်မြို့နယ်အတွင်းရှိ နွားလပိုးကျေးရွာအုပ်စု၊ ချိုကယ်ကျေးရွာအုပ်စု၊ ဒေါဥခူရပ်ကွက်နှင့် ကြည်သာယာရပ်ကွက်တို့အတွက် လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီး၊ မြို့နယ်မီးသတ်ဦးစီးဌာနပိုင် မီးသတ်ကားနှစ်စီးတို့ဖြင့် မေ ၁၄ရက်မှ ၁၉ရက်အထိ စုစုပေါင်းရေဂါလန် ၂၁၆၀၀ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဖြန့်ဝေပေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

မကွေးတိုင်း ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပေါက်မြို့နယ် ကိုင်းလယ်အုပ်စုထန်းတောလယ်ကျေးရွာ စက်ရေတွင်း ကြွံခိုင်ကောင်းမွန်မှုရှိ မရှိကို အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးစိုက်ပျိုးရေးထုတ်ချေး ဖြူးမြို့နယ်၌ စိုက်ဧက ၁၀၄၅၀၀ ရှိ

ဖြူး ဇွန် ၁၈

ပဲခူးတိုင်း ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖြူးဘဏ်ခွဲမှ ဖြူးမြို့နယ် ကျေးရွာအုပ်စု (၆၂)အုပ်စု အတွင်းရှိ တောင်သူလယ်သမားများအား ၂၀၁၀ခုနှစ် မိုးစပါးစိုက်ပျိုးရေး ချေးငွေများအား ယခုနှစ် မေ ၇ရက်မှ စတင် ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၆ရက်က ငါးခေါင်းအင်းကျေးရွာအုပ်စုနှင့် မင်းဂံရိုး ကျေးရွာအုပ်စု နှစ်အုပ်စုတို့မှ တောင်သူလယ်သမား ၄၉၆ဦးတို့အား မိုးစပါး စိုက်ဧက ၃၃၂၅ဧကအတွက် ချေးငွေကျပ် ၆၆၅၀၀၀၀၀ကို ဘဏ်မန်နေဂျာ ဦးထိန်ဝင်းနှင့် ဝန်ထမ်းများက စိုက်ဧကအလိုက် ထုတ်ချေးပေးကြသည်။ **(အပေါ်ပုံ)**

ထုတ်ချေး

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖြူးဘဏ်ခွဲမှ ကျေးရွာအုပ်စု ၆၂ အုပ်စု အတွင်းရှိ တောင်သူလယ်သမား ၁၅၀၀၀ တို့၏ မိုးစပါးစိုက်ဧက ၁၀၄၅၀၀ အတွက် ချေးငွေကျပ် ၂၀၉၀၀၀၀၀၀ ကို ဇွန် ၃၀ရက်အထိ ထုတ်ချေးသွားမည်ဟု သိရသည်။ **(၀၅၁)**

ဆွေတစ်ရာမောင်တစ်ကျိပ် ဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၈

ဒါရိုက်တာမီးပွားရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေတို့ အဓိကပါဝင်ထားသည့် ဆွေတစ်ရာမောင်တစ်ကျိပ်မှာ သမ္မတ၊ သွင်၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

မင်္ဂလာရုံတွင် လက်ပွားမင်းသား၏ **Kites** အချစ်အက်ရှင်ဇာတ်ကား ပြသနေပြီး နေပြည်တော်တွင် **Iron Man II** ဇာတ်ကားပြသနေသည်။

ကားသစ်ရုံတင်

ရွှေဆောင်ရုံတွင် **Perey Jackson & The Lighting Thief** အက်ရှင်သိပ္ပံဇာတ်ကားရုံဝင်လာသည်။ ပရလောကသားများနှင့် လူသားတို့၏ မိုးကြိုးလက်နက်ရှာပုံတော်ဇာတ်လမ်းကို အထူးပြုလုပ်ချက်များဖြင့် ဆန်းပြားစွာ ရိုက်ကူးထားသော သိပ္ပံစိတ်ကူးယဉ် အက်ရှင်ဇာတ်ကားဖြစ်သည်။

ဆွေတစ်ရာမောင်တစ်ကျိပ်မှ ခန့်စည်သူနှင့် ခိုင်သင်းကြည်။

နတ်ဖြစ်ရတဲ့ဒုက္ခ

ဒါရိုက်တာညွန့်မြန်မာညီညီအောင်၏ **နတ်ဖြစ်ရတဲ့ဒုက္ခ**မှာ မြို့လယ်မြို့ပတ်ရုံများဖြစ်သော ဝဇီရာ(၁)နှင့် ဝဇီရာ(၂)လှိုင်သာယာတို့တွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဘုရင့်ရုံတွင် **Ghajini** ဇာတ်ကားရုံဝင်လာပြီး မြို့မရုံတွင် ဒရာမာအက်ရှင်မင်းသား ဗီဂျေးနှင့်မင်းသမီး နာတန်တရားတို့ အဓိကပါဝင်ထားသော **Villu** ဇာတ်ကားသစ် ရုံတင်ပြသနေကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၁၄ရက်က အင်းစိန် အထက(၃)ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်က အဖွင့်အမှာစကားပြောကြားစဉ်။ (၁၃၃)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်သမ္မတ ကနေဒါသို့သွားရောက်မည်

တရုတ်သမ္မတ ဟူကျင်ထောင်းသည် (၄)ကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကနေဒါနိုင်ငံသို့ ဇွန် ၂၃ရက်မှ ၂၇ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

စင်ကာပူနှင့် ဂရိ လေကြောင်းပျံသန်းမှုတိုးချဲ့မည်

စင်ကာပူနှင့်ဂရိ နှစ်နိုင်ငံတို့သည် ခရီးသည်တင်လေယာဉ်များ အပြန်အလှန်ပျံသန်းလျက်ရှိရာ ကုန်တင်လေယာဉ် ပျံသန်းမှုများကိုလည်း တိုးချဲ့ပြုလုပ်ကြရန် စင်ကာပူနှင့်ဂရိ နှစ်နိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးများက ဇွန် ၁၈ရက်၌ ပြောကြားသည်။

ကဘူးလ်၌ သေနတ်သမားများပစ်ခတ်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဇွန် ၁၈ရက် နံနက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗီယက်နမ်၌ ရေအားလျှပ်စစ်စက်ရုံကြီးတည်ဆောက်မည်

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်ရှိ တောင်ကုန်းများထူထပ်သောနေရာတွင် မဂ္ဂါဝပ် ၁၅၀၀ထုတ်လုပ်ပေးနိုင်သော ရေအားလျှပ်စစ်စက်ရုံကြီးတစ်ရုံကို ၂၀၁၃ ခုနှစ်၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနက ဇွန် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားတစ်ဝန်း လုံခြုံရေးကင်မရာများတပ်ဆင်မည်

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း မြို့ကြီးများ၏အဓိကကျသော အဆောက်အအုံနှင့် နေရာများ၌ ၂၀၁၄ခုနှစ်မှစတင်ကာ အကြမ်းဖက်မှုများကာကွယ်ရန် လုံခြုံရေးကင်မရာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ လုံခြုံရေးနှင့်ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇွန် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ပါကစ္စတန်ကာကွယ်ရေးပူးပေါင်းမှုတိုးမြှင့်မည်

တရုတ်နှင့်ပါကစ္စတန်နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ဘက်ရေးရာဆက်ဆံရေး တိုးမြှင့်မှုများကို ပြုလုပ်သွားကြရန် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက ဇွန် ၁၈ရက်၌ သဘောတူညီလိုက်ကြသည်။

တန်ဇန်းနီးယားအရှေ့မြောက်ပိုင်း၌ ပုံးပေါက်ကွဲ

တန်ဇန်းနီးယားနိုင်ငံအရှေ့မြောက်ပိုင်း အေယူရှာမြို့၌ ဇွန် ၁၈ရက် နံနက်က အင်အားပြင်းဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တန်ဇန်းနီးယားရဲတပ်ဖွဲ့က ဇွန် ၁၈ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် ကမ်းလွန်တွင် ဇွန် ၁၈ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၄ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ဆူလာဝေစီပြည်နယ် နေရာအစိတ်အပိုင်းအများအပြား၌ ငလျင်ဒဏ်ခံစားခဲ့ရသော်လည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။

ကိုလံဘီယာအနောက်မြောက်ပိုင်း၌ မြေမြုပ်မိုင်းပေါက်ကွဲ

ကိုလံဘီယာနိုင်ငံအနောက်မြောက်ပိုင်း အမာဂါမြို့တွင် မြေမြုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ ၁၈ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ဇွန် ၁၈ရက်၌ ပြောကြားသည်။ *(အောက်ပုံ)* *(အင်တာနက်)*

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇွန် ၁၁ရက်က မိုင်းယန်းမြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ဇွန် ၁၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် မိုင်းယန်း-မိုင်းခတ်ကားလမ်းတစ်လျှောက် မိုးစပါးများ စိုက်ပျိုးနေမှုအခြေအနေများ၊ လမ်းအခြေအနေများနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လူနာများအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် မိုင်းခတ်မြို့အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ လိုအပ်သည်များမှာကြားပြီးနောက် ကျိုင်းတုံမြို့နယ် မဲဇလီကျေးရွာ၌ မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ဇွန် ၁၂ရက်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ရှင်းလင်းဆောင်၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက ရော်ဘာအမိုးပြားကို အဓိကထား တီထွင်ထုတ်လုပ်ရေးနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်ကြရေးတို့ကိုမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဝန်ကြီးသည် ဇွန်၁၃ရက်တွင် မုဒုံမြို့ ကျော်ကျော်အိုင်အိုဒင်းဆားကြိတ်စက်ရုံသို့ ရောက်ရှိကာ အိုင်အိုဒင်းဆားများ ကြိတ်ခွဲသန့်စင်နေမှု၊ စနစ်တကျထုပ်ပိုးထားမှုနှင့် စက်ရုံအတွင်းအပြင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၁၄ ရက်တွင် မော်လမြိုင်စက်မှုဇုန် ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မိမိနိုင်ငံနှင့် မိမိဒေသအတွက် အသုံးတည့် အသုံးများသည့် ဈေးကွက်ဝင် ကုန်ပစ္စည်းများ တီထွင်ထုတ်လုပ်ကြရေး၊ လုပ်ငန်းရှင်များ အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ရိုင်းပင်းကူညီစိတ်မွေးမြူကြရေး စသည်ဖြင့် မှာကြားပြီး စက်မှုဇုန်အတွင်းရှိ လွန်သွားလုပ်ငန်း၊ သွပ်နန်းကြိုးလုပ်ငန်းနှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သပြေကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖြူးမြို့နယ် သပြေလှကျေးရွာ၌ဖွင့်

စာအုပ်စာစောင်နှင့် သတင်းစာများ လှူဒါန်း

ဖြူး ဇွန် ၁၈

ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာတွင် အောင်သပြေကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ချင်းခင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ စာအုပ် စာစောင်များကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အခြား အလှူရှင်များက လှူဒါန်းပေးကြရာ တာဝန်ရှိသူ အသီးသီးက လက်ခံယူကြပြီးနောက် အလှူရှင် ဦးနေမျိုးအောင်နှင့် ဒေါ်လှနု မိသားစုက စာကြည့်တိုက်အတွက် နေ့စဉ်ထုတ် သတင်းစာများကို လှူဒါန်းသည်။

ဆောက်လုပ်ခဲ့

အဆိုပါ စာကြည့်တိုက်သည် အလျား ပေ၂၀၊ အနံပေ၂၀၊ အမြင့် ၁၅ ပေရှိပြီး သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်ခံ အဆောက်အအုံဖြစ်သည်။ စာကြည့်တိုက်အား ပြည်သူများက ထည့်ဝင်ငွေကျပ် ခုနစ်သိန်းနှင့် သပြေလှကျေးရွာနေ အလှူရှင် ဦးနေမျိုးအောင်နှင့် ဒေါ်လှနု မိသားစုက လှူဒါန်းသည့် ငွေကျပ်ရှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၅ သိန်းတို့ဖြင့် စုပေါင်းဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

စပါးပျိုးထောင်နည်းသရုပ်ပြပွဲ ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ကျင်းပ

ရမည်းသင်း ဇွန် ၁၈

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စု ထနောင်းကုန်းရွာ တောင်သူ ဦးစိန်မောင်နှင့် ဦးအောင်ဘုတို့၏လယ်မြေပေါ်တွင် ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်နည်းသရုပ်ပြပွဲကို ဇွန် ၁၃ရက် နံနက်က ကျင်းပသည်။

သရုပ်ပြပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ ထနောင်းကုန်း၊ သိမ်ကုန်း၊ မြင်းနားကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်နည်းကိုပြသရာ တောင်သူများက လက်တွေ့လေ့လာခဲ့ကြသည်။ ထို့နောက်ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းတင်က ကန်သင်းမြှင့်တင်ခြင်း လုပ်ငန်းနှင့် အဓိကသီးနှံများ သီးညှပ်စိုက်ပျိုးရန် ဆွေးနွေးပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆိပ်သာ-ကျုံနတ္တော်-ကျွဲဒုံး ကျောက်ချောလမ်း အရှည်(၃/၂)မိုင်အား ကျောက်ချောခင်းနိုင်ရေး ကျောက်ကြီးများ စုဆောင်းရောက်ရှိနေမှုကို မေ ၁၆ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကိုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် ပျဉ်းမနား၌ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၈

နေပြည်တော် ပျဉ်းမနား၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၃၀ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနား၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မြို့နယ်အတွင်း ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် အလှူရှင် ပြည်သူများက ငွေကျပ် ၁၂၀၄၅၀၀ ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်က လက်ခံယူသည်။ **(အပေါ်ပုံ)**

(၁၁၁)

ငရုတ်သီးမှုန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင်ရောင်းချလျက်ရှိသော ငရုတ်သီးအရောင်တင်မှုန့်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါအမှတ်တံဆိပ်များသည် ငရုတ်သီးမဟုတ်သည့်အမှုန့်များကို ရောနှော၍ အနီရောင်ဆိုးထားခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက် အတုများရောစပ်ထားသော အစားအသောက်၊ စံမညီအစားအသောက်များကို မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်
၁။	ငရုတ်သီးအရောင်တင်မှုန့်	ဗိုလ်မ
၂။	ငရုတ်သီးအရောင်တင်မှုန့်	အောင်သူမြ
၃။	ငရုတ်သီးအရောင်တင်မှုန့်	ရွှေဆင်မင်း
၄။	ငရုတ်သီးအရောင်တင်မှုန့်	သင်းသင်းမွှေး
၅။	ငရုတ်သီးအရောင်တင်မှုန့်	ပိုင်
၆။	ငရုတ်သီးအရောင်တင်မှုန့်	ထူးကောင်း
၇။	ငရုတ်သီးအရောင်တင်မှုန့်	ခြသေ့
၈။	ငရုတ်သီးအရောင်တင်မှုန့်	နေတိုး

ကျန်းမာရေးဝန်ကြီးဌာန

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ရေရရှိရေး စက်ရေတွင်းတူးဖော်

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဦး၏ ကြီးကြပ်မှုဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ရန် လျာထားသော ပုရွက်ဆိတ်ကုန်းကျေးရွာ တောင်ပေါ်ဒေသများ ရေရရှိရေးအတွက် ဇွန် ၇ရက်က လေးလက်မစက်ရေတွင်း တူးဖော်ရာ ရေရရှိမှုကို တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဇွန် ၁၈

ပဲခူးတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဇွန် ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်သည်။

ဆုချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီးနောက် တိုင်းမှူးသည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ပိဋကတ်တော် စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆောင်ရွက်မှု

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇွန်၁၆ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြုလုပ်သော ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဦးဝိဇ္ဇာလမ်း၌ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက်မြို့တော်ဝန်သည် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာ ပိုမိုကောင်းမွန်စေရန် ချောင်းဖြတ် သံကူကွန်ကရစ်တံတားသစ် တည်ဆောက်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ပြုပြင်ဆောင်ရွက်နေမှု၊ လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ်ဖွင့်လှစ်မည့် မြေနေရာ၌ ဈေးရုံနှင့်ဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှု၊ တာမွေမြို့နယ် မြို့ပတ်လမ်းရှိ အောင်မင်္ဂလာ မြို့ပတ်ချောင်း ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများဖြင့် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုနှင့် ဒေါပုံမြို့နယ်ရှိ ယမုံနာလမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အရှေ့ပိုင်း)ရှိ ဈေးများ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ

ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့် စစ်ဆေး

နေပြည်တော် ဇွန် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဇွန် ၁၀ရက် နံနက်ပိုင်းက တောင်ငူမြို့ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး ဈေးခေါင်းရုံး၌ ဈေးကော်မတီများ၊ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဈေးမီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဖြူးမြို့ဈေးခေါင်းရုံး၌ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ညောင်လေးပင်မြို့ မြို့မဈေး၌ ဈေးမိဈေးဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည်ဇွန် ၁၁ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့မဈေးကြီး၌ မြို့ပေါ်ဈေး ငါးဈေးနှင့် ကျေးလက်ဈေး ငါးဈေးတို့မှ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားကာ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

စာပေဗိမာန်စာမူဆုရစာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၈

မြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ စာအုပ်များမှာ စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ဒုတိယဆုရ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)ရေးသားသည့် သိကောင်းစရာ e-commerce စာအုပ်၊ ပြဇာတ်စာပေတတိယဆုရ မောင်ဆန္ဒ(လယ်ဝေး)ရေးသားသည့် ပိုးပြဇာတ်စာအုပ်၊ လူငယ်စာပေတတိယဆုရ အောင်ကျော်ဆန်းရေးသားသည့် အညတရ ဘဝရေဆန်စာအုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဒုတိယဆုရ သိန်းသိန်းဝင်း(မလှိုင်)ရေးသားသည့် မြန်မာ့ဆိုင်းစာအုပ်၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်)ရေးသားသည့် စုန်ရေဆန်ရေစိမ့်စမ်းရေနှင့် အခြားကဗျာများ စာအုပ်တို့ ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး

ဂန့်ဂေါခရိုင်ဆောမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ဂန့်ဂေါ ဇွန် ၁၈

မကွေးတိုင်း ဂန့်ဂေါခရိုင်ဆောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဇွန် ၃ ရက်က ဆောမြို့ သီရိရပ်ကွက်၊ ဇေယျာရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ်ရပ်ကွက်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ အဖွဲ့လေးဖွဲ့ခွဲကာ ရပ်ကွက်အတွင်း ရေအိုး၊ ရေကန်၊ ရေခွက်၊ ပန်းအိုးများ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာ ပေးခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

အိုင်တီသင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၈

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းမှ IT Essentials ၊ System Essentials နှင့် Oline Application Development (OJT) သင်တန်းများကို ဇွန်လအတွင်း ထပ်မံဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

IT Essentials သင်တန်းတွင် Microsoft Window စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည် တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် Internet နှင့် E.mail အသုံးပြုနည်းတို့ကိုပါ သင်ကြားပေးမည်ဖြစ်သည်။

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation ၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့အပြင် LAN ချိတ်ဆက်နည်း၊ Data နှင့် Device များကို LAN အတွင်း Sharing ပြုလုပ်ခြင်း၊ Network Security စီမံခန့်ခွဲခြင်း စသည့် Network ဆိုင်ရာ ဘာသာရပ်များကို သင်ကြားရမည့်အပြင် Wide Area Network (WAN/ Internet)၏ အဆင့်ဆင့် အလုပ်လုပ်ပုံ၊ TCP/ IP အခြေခံကိုလည်း သင်ကြားရမည်ဖြစ်သည်။

သင်တန်းချိန် နာရီပေါင်း ၃၀၀ ကျော်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး Programming ဘာသာရပ်များစွာကို ကျွမ်းကျင်ရုံမျှမက လက်တွေ့လုပ်ငန်းသုံး ဆော့ဖ်ဝဲလ်တစ်ခုကို စတင်ဖန်တီးခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကိုကျောင်းသားကျောင်းသူများ တွေးခေါ်တတ်စေရန်နှင့် လက်တွေ့ပြုလုပ်နိုင်စေရန် စနစ်တကျ ရှင်းလင်း သင်ကြားပေးသွားမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

တန်းခွဲများအား လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း စိတ်ပါဝင်စားသူများ Myanmar WWW Institute အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၃၂၀၊ ၆၅၂၂၈၈၊ ၅၂၁၁၂၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ကွင်းဆင်းစစ်ဆေး

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးများတွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်၊ ဦးစီးအရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စက်မှု(၂)ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၏ ပထမအကြိမ် စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ကြီးက စံကားဖြူပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သစ်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများက ရုံးပတ်ဝန်းကျင်ရှိ သတ်မှတ်နေရာများ၌ စွယ်တော်၊ စိန်တစ်လုံးသရက်၊ ကျွန်း၊ ပိတောက်၊ ငုရွှေဝါ၊ ခရေ၊ စိန်ပန်းပု၊ နွယ်သာကီ၊ မဲဇလီနှင့် မဟော်ဂနီ စသည့် ပျိုးပင်မျိုးစုံအပင် ၁၈၅၀ကို စိုက်ပျိုးကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုးနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၁၃)
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **အိုင်းစတိုင်းနှင့်မာနမင်းသမီး** ဟိန်းဝေယံ၊ ဆုပန်ထွာ (ဒါရိုက်တာ-မောင်ချစ်စမ်း)
၁၃:၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း -၄၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ ချစ်သူစုံတွဲတူယှဉ်ရွှိ
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ်ချိုးနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လှုပ်တစ်ပြက်
၆:၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စကား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၆)
၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

❒ *ရှေ့ဖုံးမှ*

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အကြီးတန်းကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဆွေးနွေးပွဲကို စတင်ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်၏ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Dr. William Sabandar က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သော မူဝါဒများ၊ မဟာဗျူဟာများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ မုန်တိုင်းဒဏ်ခံစာသင်ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၁၈

ငါးသိန်းတန် ဖုန်းအလုံးရေ ၈၀၀၀၀ ထပ်ချပေးမည် လျှောက်လွှာတင်ရမည့်ဌာနနှင့် ဖုန်းထုတ်ယူရန် ငါးနေရာ ဇွန် ၂၁ ရက် စတင်ဆောင်ရွက်မည်၊ ယခင်နှင့်မတူ ပုဂ္ဂလိက ဓာတ်ဆီဆိုင်များ အပြိုင်အဆိုင်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက် ၃၉ ဒသမ၂၀ ရာခိုင်နှုန်းရှိ၊ ဆရာတော်ဦးသုမင်္ဂလ အမှူးပြုပြီး ဦးဝိစာရ သုမင်္ဂလဖောင်ဒေးရှင်းမှ နယ်လှည့်ဆေးကုပေး ရေလှူဒါန်းပေးနေ၊ ရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာနမှ ခေတ်မီရေယာဉ်ဝန်ထမ်းများအတွက် သင်တန်းတစ်ခုဖွင့်လှစ်ပေး၊ စစ်ကိုင်းတိုင်း ယင်းမာပင်နှင့် ပုလဲမြို့နယ်ချင်း ဆက်သွယ်ထားသည့် ရွှေဆံပင်(၁) တံတားကြီး လုပ်အားဒါန ပေးပွဲ ပဌာန်းရွတ်ပွဲ ဆွမ်းဆန်စိမ်းလောင်းပွဲ စည်ကားသိုက်မြိုက်၊ ဇင်ယော်နီ၏ ဒီနေ့ကံကောင်းချင်ရင်ခေါင်းစဉ်နှင့် နည်းလမ်းပေးထား၊ တိုးကြောင်ကလေးဘူတာမှ ရေသန့်ဘူးကောက်သည့် ကလေးများနှင့်ရထားအန္တရာယ်၊ ဒဂုံ(ခေါ်)ရန်ကုန်မြို့၏သမိုင်း၊ အခက်အခဲရှိသည့် ကလေးများကို ရွှေရောင်လက်များက ကျောင်းအပ်နှံပြီး ကျောင်းစရိတ်ထောက်ပံ့၊ မြန်မာနိုင်ငံဗဟိုဘဏ်မှ ဟောင်းနွမ်းငွေစက္ကူများ ဆက်လက်လဲလှယ်ပေးနေ၊ ရန်ကုန်မြို့ ကမ်းနားလမ်းသစ် ရထားလမ်းအပါအဝင် ငါးမိုင်ကျော်ရှည် လမ်းသစ်ဖောက်လုပ်၊ ဆရာလူထုစိန်ဝင်းက မမှန်တာမရေးနှင့်ဟုပြောကြား၊ မောင်သန်းဆွေ (ထားဝယ်)၏ ဖူးစာနှစ်ခိုင်၊ ဂျာနယ်ကျော်မမလေး၏ အမေဝတ္ထု၊ မော်ဒန်ကဗျာကို နားမလည်ဘဲ ခံစားတတ်တယ်ဆိုလို့၊ လက်ပံဇာတ်ကားကို နေတိုးဘာကြောင့်ငြင်း၊ မအိပ်ခင်အင်္ဂလိပ်စာသင်တဲ့ ထွန်းအိန္ဒြာဗို၊ အမှားမရှိရင် ကောလာဟလ မရှိဟုဆိုတဲ့ မေသန်းနု၊ အိန်ဂျယ်ချစ်သူ CN Blue အဖွဲ့၊ ဘောလုံးပွဲနှစ်သက်တဲ့ တရုတ်(တိုင်ပေ)မှ ဖာရင်ဟိုက်အဖွဲ့၊ ၂၀၁၀ကမ္ဘာ့ဖလား ဖိုလ်စွဲနိုင်သည့် အသင်းများအကြောင်း၊ ကိုယ်ချင်းဆက်အမြွာ ခွဲစိတ်မှု စသည့် သတင်းထွေလာများနှင့် News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြားပစ်ကွင်း၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် လူသစ်တန်း Recurve ပြိုင်ပွဲ၊ Compound ပြိုင်ပွဲ၊ အလွတ်တန်း Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပပြီး ပြိုင်ပွဲဝင် အားကစားသမား ၄၆ဦး ပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုး(တာဝန်ခံပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)က လူသစ်တန်း အမျိုးသမီး Recurve ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပြေသိန်း (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)က လူသစ်တန်း Recurve အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး Compound ပြိုင်ပွဲ ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်း (ကျောင်းအုပ်ကြီး အား/ကာသိပ္ပံ ရန်ကုန်)နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လူသစ်တန်း Compound ပြိုင်ပွဲ၊ အလွတ်တန်း Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အကောင်းဆုံး

ထို့နောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အတိုးတက်ဆုံး အားကစားသမား ဆုရရှိကြသော အမျိုးသား ဇော်မင်းထွန်းနှင့် အမျိုးသမီး နွေးအိအိမြင့်တို့အား ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်သည်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံး အားကစားသမားဆုရရှိသော အမျိုးသားရဲမင်းဆွေနှင့် အမျိုးသမီး အောင်ငိုမ်းတို့အား ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

မုတ်သုံလေ အားကောင်းနိုင်

နေပြည်တော် ဇွန် ၁၈

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၄ဒသမ ၁၃လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ဝ၆လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၄၇လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

<u>ဇွန် ၁၉ ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မုတ်သုံလေအားကောင်းနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ဇွန်လ စတုတ္ထရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ</u> လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့်

ပြန်လည်ထူထောင်ရေးအဖွဲ့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၈

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် သဘာဝဘေးကျရောက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ သေကျေပျက်စီး ဒဏ်ရာရရှိမှုများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဇွန် ၁၈ရက်ထုတ် သတင်းစာများ၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်သည်။

ရေပြန်လည်ကျဆင်း

အဆိုပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းများအရ စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း၊ ဘူးသီးတောင်-မောင်တောသွားကားလမ်းနှင့် ရန်ကုန်-စစ်တွေကားလမ်းတို့ကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်အောင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဇွန် ၁၆ ရက် နံနက်ပိုင်းက ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သည့်အတွက် မောင်တောမြို့မှ ရေဘေးဒုက္ခသည်များသည် ယင်းတို့၏ နေအိမ်အသီးသီးသို့ ပြန်လည်ရောက်ရှိကြပြီဖြစ်ကြောင်း သိရသည်။

ယာယီနေရာချထား

ထို့ပြင် မြောက်ဦးမြို့တွင် ဇွန် ၁၅ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လက်အောက်ဈေးရပ်ကွက် ဆင်ချဆိပ်ရွာမရှိ အိမ်ခြေ ၂၇ လုံး ရေအမြင့် သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၁၅၂ဦးတို့အား ဆင်ချဆိပ်ရွာမရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းတွင် လည်းကောင်း၊ ဆင်ချဆိပ်ရွာသစ်ရပ်ရှိ အိမ်ခြေ ၇၅လုံး ရေအမြင့်သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၃၈၁ဦးတို့အား အခြား အခြေခံပညာကျောင်းများတွင် လည်းကောင်း ရွှေ့ပြောင်း၍ ယာယီနေရာချထားပေးခဲ့ကြောင်း၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောက်ဆုံးရရှိသည့် သတင်းများအရ ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့သည့်အတွက် တောင်မြေပြိုခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ တောင်ကျရေစီးခြင်း၊ ဒီရေတက်ခြင်းတို့ကြောင့် သေဆုံးသူ စုစုပေါင်းမှာ အမျိုးသား ၃၅ဦး၊ အမျိုးသမီး ၂၈ဦး စုစုပေါင်း ၆၃ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

စီမံဆောင်ရွက်ပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်သည့် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ကလည်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရာ ဒေသများ၌ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး အတွက် ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြွက်မှတစ်ဆင့် ကူးစ...

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခ... သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပ... ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့်ကူးစ...

၂။ သို့ဖြစ်ပါ၍-

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝ... ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ... ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်မျ...

၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စကား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၆)
၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

...ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

...မြားပစ်ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက ကျိုက္ကဆံ...

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး Compound ပြိုင်ပွဲ ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်း (ကျောင်းအုပ်ကြီး အား/ကာသိပ္ပံ ရန်ကုန်)နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လူသစ်တန်း Compound ပြိုင်ပွဲ၊ အလွတ်တန်း Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အကောင်းဆုံး

ထို့နောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အတိုးတက်ဆုံး အားကစားသမား ဆုရရှိကြသော အမျိုးသား ဇော်မင်းထွန်းနှင့် အမျိုးသမီး နွေးအိအိမြင့်တို့အား ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်သည်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံး အားကစားသမားဆုရရှိသော အမျိုးသားရဲမင်းဆွေနှင့် အမျိုးသမီး အောင်ငိုမ်းတို့အား ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

နာမည်ကြီးဂျာမနီ မထင်မှတ်ဘဲရှုံးပွဲကြုံ ဆလိုဗေးနီးယားနှင့် အမေရိကန်တို့ တစ်မှတ်စီရ

➤ မြင့်မောင်စိုး-စုစည်းရေးသားသည် ➤

ဂျိုဟန်နစ္စဘတ် ဇွန် ၁၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဇွန် ၁၈ရက် ညနေပိုင်းက အုပ်စု(ဃ)မှ ဂျာမနီအသင်းနှင့် ဆားဗီးယားအသင်းတို့ မင်ဒဲလားဘေး အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြရာ ဆားဗီးယားက အဖွင့်ပွဲတွင် သြစတြေးလျကို နိုင်ပြီး နာမည်ကြီးနေသော ဂျာမနီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။

ပွဲစပြီး ၃၇ မိနစ်အကြာ ဂျာမနီအသင်းတွင် အဓိကအားထားရသည့် ကလိုဆေး နစ်ဝါ၊ တစ်နီဖြင့်ထွက်သွားရသည်။ ၄င်းထွက်ပြီး တစ်မိနစ်အတွင်းမှာပင် ဆားဗီးယားတိုက်စစ်မှူးများ တရစပ်ထိုးဖောက်လာရာ မီလန်ခရာဆစ် ညာတောင်ပံမှ ခုတ်တင်ပေးလိုက်သောဘောလုံးကို ဘာမင်ဂမ် လူငယ်ကစားသမား ဇီဂစ်က ဂိုးရှေ့သို့ခေါင်းတိုက် ချပေးလိုက်စဉ် ဂျိုဗာနီဗစ်က ဘယ်ခြေဖြင့် မနားတမ်း ကန်သွင်းယူလိုက်သည်။

ဂျာမနီတို့ ဒုတိယပိုင်းတွင် ချေပဂိုးသွင်းနိုင်ရေး ဆားဗီးယားနောက်တန်းကို လျှင်လျှင်မြန်မြန် ထိုးဖောက်ကစားသည်။ ဆားဗီးယားကစားသမားများကလည်း ဂိုးပြန်မပေးရရေး လုံးဝကန့်ခွင့်မပေးဘဲ ပိတ်ဆို့ကစားခဲ့သည်။ ပွဲချိန် မိနစ် ၆၀တွင် ဂျာမနီတို့ ဆားဗီးယားဂိုးဧရိယာအတွင်း ဗီဒစ်လက်ဖြင့် ဘောလုံးကို လှမ်းဖမ်းကိုင်သဖြင့် ပယ်နယ်တီပေးခဲ့သည်။ ယင်းပယ်နယ်တီကို ပိုဒေါစကီးကန်သွင်းရာ ဆားဗီးယားဂိုးသမား စကောကိုဗစ်က ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့သည်။

ဆားဗီးယားအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဂျိုဗာနီဗစ်က ဤသို့ သွင်းယူခဲ့သည်။

အုပ်စု(ဂ)ပွဲစဉ်တွင် ဆလိုဗေးနီးယားနှင့် အမေရိကန်အသင်းတို့ အဲလစ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ဆလိုဗေးနီးယားအတွက် ဂိုးများကို ဘာဆာနှင့် လူဘီဂျန်ဗစ်တို့က ပထမပိုင်းတွင် သွင်းယူခဲ့သည်။ အမေရိကန်အတွက် ချေပဂိုးများကို ဒိုနိုဗန်နှင့် ဘရက်ဒ်လေတို့က ဒုတိယပိုင်းတွင် တန်ပြန်တိုက်စစ်ဆင်ပြီး ချေပဂိုးများ သွင်းယူခဲ့ခြင်းဖြစ်သည်။

ကိုးကား-အင်တာနက်

မေလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၇မှု တရားခံ ၃၉၅ ဦးအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၈

၂၀၁၀ ခုနှစ် မေလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါး အမှုပေါင်း ၂၃၇မှု ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၂၆မှု အလေးချိန် ၁၀၁ ဒသမ ၇၉၃၃ ကီလိုဂရမ်၊ ဘိန်းဖြူ ၈၃မှု အလေးချိန် ၂ ဒသမ ၄၆၈၃ ကီလိုဂရမ်၊ ဘိန်းဆီခဲ ၁၁မှု အလေးချိန် ၅ ဒသမ ၈၁၃၂ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၁မှု အလေးချိန် ၁၆ ဒသမ ၆၇၉၉ ကီလိုဂရမ်၊ ဆေးခြောက်မှု ၂၀ အလေးချိန် ၄ ဒသမ ၁၆၀၆ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၅မှု (၁၆၆၀၁၂ဒသမ ၅)ပြား၊ ဘိန်းစာမှုန့် ၁၀မှု ၁၂ ဒသမ ၉၇၉ ကီလိုဂရမ်၊ ဘိန်းရည်တစ်မှု အလေးချိန် ၃ ဒသမ ၀၂ လစ်တာ၊ အိုက်(စ်) တစ်မှု အလေးချိန် ၁ ဒသမ ၉၄၃ ကီလိုဂရမ်၊ လိုရာဇီပမ်ဆေးပြားတစ်မှု ၅၀ပြား၊ မော်ဖင်းထိုးဆေး တစ်မှု တစ်ပုလင်း၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှု သုံးမှု တို့ဖြစ်သည်။ အမှုပေါင်း ၂၃၇မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၁၀ နှင့် တရားခံ မ ၈၅ဦး စုစုပေါင်း ၃၉၅ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့်ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့်ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍-

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များဝင်ရောက် ခိုအောင်းပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

● *ကျောဖုံးမှ*

သန့်ရှင်းသာယာရေး

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်မြို့ဖြစ်သည်နှင့်အညီ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း မြို့တွင်းလမ်းများ၊ မြို့ပြနှင့်ကျေးလက်ဆက်သွယ်သောလမ်းများ၊ မြို့၏ သန့်ရှင်း သာယာလှပရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက ရမည်းသင်းခရိုင်သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့သည်။ တိုးတက်ပြောင်းလဲလာသော မြို့ပြ၏ အခြေအနေနှင့်ပတ်သက်ပြီး ရမည်းသင်းမြို့နယ်စည်ပင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ဦးစွာ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် တွေ့ဆုံခဲ့သည်။

ဖောက်လုပ်ပေးနိုင်

"ကျွန်တော်တို့ ရမည်းသင်းမြို့ဟာ ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားလာရာ မြို့ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာလှပသော မြို့တစ်မြို့ဖြစ်လာစေရေး၊ မြို့တွင်းလမ်းများ၊ မြို့ဝင် မြို့ထွက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။ မနှစ်ကဆိုရင် မြို့ပေါ်လမ်းများဖြစ်တဲ့ သစ္စာလမ်း၊ မေတ္တာလမ်း၊ စည်ပင်လမ်း၊ ဈေးတောင်မြောက်လမ်းနဲ့ ကြည်တော်ကုန်းလမ်းတို့ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အောင်မင်္ဂလာလမ်းသွယ်နဲ့ သီလဝကွက်သစ်လမ်းတို့ကိုတော့ မြို့တွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မြို့ပြနှင့်ကျေးလက်ဆက်သွယ်သော လမ်းများအနေဖြင့် နန်းလုံကျေးရွာသို့သွားသောလမ်း၊ မကျီးကုန်း-ကုန်းသာလမ်းတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်လမ်း အနေဖြင့် ရွှေဒါး-ကန့်အောက်လမ်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ၂၈ရက်က ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့ပါပြီ" ဟု ဦးသိန်းနိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဒီနှစ်မှာတော့ မြို့တွင်းအဓိကလမ်းမကြီးတွေဖြစ်တဲ့ သီလဝလမ်းနဲ့ ရန်အောင်မြင်လမ်းတို့ကို ကတ္တရာလမ်းတိုးချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းတွေပြီးသွားရင် မြို့မဈေးတစ်ဝိုက် သွားလာရေးပို၍ အဆင်ပြေလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေပြည်သာကွက်သစ်လမ်း၊ သီလဝကွက်သစ်လမ်းနဲ့ စာတိုက်လမ်းတို့ကိုတော့ မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လျာထားပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဆက်လက်ရှင်းပြသည်။

ဆက်လက်၍ အင်ဂျင်နီယာမှူး ဦးသောင်းလွင်ကလည်း မြို့ရေပေး

"မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်း အဓိကလမ်းမကြီးများ အဆင့်မြှင့်တင် ပြုပြင်ပေးနေပါတယ်"

ဦးသိန်းနိုင်
လက်ထောက်ညွှန်ကြားရေးမှူး။

ဝေရေးနှင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းပြသည်။

သောက်သုံးရေဖြန့်ဖြူး

"ကျွန်တော်တို့ ရမည်းသင်းမြို့ပေါ်မှာ မြို့ပေါ် ငါးရပ်ကွက်ရှိပါတယ်။ ဒီမြို့ပေါ်ရပ်ကွက်များကို အဓိက သောက်သုံးရေ ဖြန့်ဖြူးပေးနေတာကတော့ သိမ်ကုန်းကျေးရွာမှာရှိတဲ့ စက်ရေတွင်းမှ ဖြစ်ပါတယ်။ ဒီစက်ရေတွင်းမှ မြို့မဈေး ရေစုကန်များသို့ ရေတင်စက်များနဲ့ ပို့ပါတယ်။ နေ့စဉ် ရေဂါလန် ၁၂၀၀၀၀ ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု ဦးသောင်းလွင်က ရှင်းပြသည်။

"ကျွန်တော်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး(၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ခုနှစ် ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းအရ တွင်းတိမ် ၁၁၆တွင်း၊ တွင်းနက် ၉၉ တွင်းအပါအဝင် လုပ်ငန်းပေါင်း ၂၃၅ခုကို ရမည်းသင်းမြို့နယ်အတွင်းမှာ ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။ ဒါ့အပြင် ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိရေးအတွက် ထပ်မံပြီးတော့ လုပ်ငန်း၂၂ခု ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ဦးသောင်းလွင်က ဆက်လက်ရှင်းပြသည်။

ခရိုင်ချင်းဆက်လမ်း

ယခုအခါ နိုင်ငံတော်က ခရိုင်ချင်းဆက်လမ်းမကြီး သုံးလမ်းကို ဖောက်လုပ်ပေးလျက်ရှိသည်။ ခရိုင်ချင်းဆက်အမှတ်(၁)လမ်းမှာ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မွန်ပြည်နယ် မုဒုံအထိဖြစ်သည်။ မိုင်အားဖြင့် ၄၆၂ မိုင်ရှိသည်။ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှာ မန္တလေးတိုင်း တံတားဦးမြို့နယ်မှ ရန်ကုန်တိုင်းအထိ ဖြစ်သည်။ မိုင် ၄၀၁ မိုင်ရှိသည်။ ခရိုင်ချင်းဆက်လမ်းအမှတ်(၃)မှာ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အကြား ဆက်သွယ်သောလမ်း ဖြစ်သည်။

ခရီးသွားရောက်နိုင်

အဆိုပါ ခရိုင်ချင်းဆက်လမ်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန



"ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ထပ်မံဖြည့်ဆည်းပေးလျက် ရှိပါတယ်"

ဦးသောင်းလွင်
အင်ဂျင်နီယာမှူး။

ရမည်းသင်းမြို့ပေါ်သို့ သောက်သုံးရေဖြန့်ဖြူးပေးနေသော ကွန်ကရစ်ရေစင်ကြီးနှစ်ခုကို ဤသို့ တွေ့ရသည်။

အောက်ရှိ မြို့နယ်စည်ပင်များက သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ယူ ဖောက်လုပ်ပေးလျက်ရှိသည်။ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နေပြည်တော် တပ်ကုန်းနှင့် ရမည်းသင်းမြို့အကြား တာဝန်ယူဖောက်လုပ်ပေးခဲ့ရာ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ကတ္တရာလမ်း ၃၄ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဤသို့ ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ နေပြည်တော် တပ်ကုန်း ကင်းသာလမ်းခွဲမှ မန္တလေးတိုင်း ကျောက်ဆည်အထိ အချိန်တိုတိုဖြင့် ခရီးသွားရောက်နိုင်ကြပေပြီ။

တိုးတက်ပြောင်းလဲ

ရမည်းသင်းမြို့သည် မြို့ပြစည်ပင်ဖွံ့ဖြိုးလာသည်သာမက ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကဏ္ဍများလည်း အဘက်ဘက်မှ တိုးတက်ပြောင်းလဲလျက်ရှိပေသည်။ ရမည်းသင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်း တွဲဖက်ကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၀ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၈ ကျောင်း၊ မူလတန်းကျောင်း ၁၄၃ ကျောင်းရှိသည်။ ရမည်းသင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မှာ ၂၉ ဒသမ ၀၂ရာခိုင်နှုန်းရှိသည်။

နည်းပညာတက္ကသိုလ်(ရမည်းသင်း)

ယခုအခါ နိုင်ငံတော်က နည်းပညာ တက္ကသိုလ်ကြီးတစ်ခုကိုလည်း ရမည်းသင်းမြို့အနီးတွင် ဖွင့်လှစ်လိုက်၍ ဒေသနေ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ၊ အင်ဂျင်နီယာ အတတ်ပညာများ၊ ကိုယ့်မြို့ ကိုယ့်ရွာမှာပင် သင်ယူနိုင်သည့် အခွင့်အလမ်း ရရှိနေပြီဖြစ်သည်။ နောင်အနာဂတ်တွင် ထိုတက္ကသိုလ်ကြီးမှ အင်ဂျင်နီယာများ ပေါ်ထွန်းလာမည်ဖြစ်၍ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာပေဦးတော့မည်ဖြစ်သည်။

ခုတင်(၁၀၀)ဆံ့ဆေးရုံ

ရမည်းသင်းမြို့တွင် နိုင်ငံတော်က ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးကိုလည်း ဖွင့်လှစ်ပေးသဖြင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုလျက် ရှိသည်။ မြို့နယ်အတွင်း တိုက်နယ်ဆေးရုံသုံးရုံ ရှိသည်။

ဆက်သွယ်ရေး

ထို့အပြင် ရမည်းသင်းမြို့တွင် တစ်ချိန်က လက်လှည့်အိတ်ချိန်းဖုန်းများသာ သုံးစွဲနေရာမှ နိုင်ငံတော်အစိုးရလက်ထက်၌ မိုက္ကရိုဝေ့ဗ်စခန်းများ တည်ဆောက်ပေးနိုင်ခဲ့၍ တစ်နိုင်ငံလုံးသို့ အော်တိုအိတ်ချိန်းဖုန်းများဖြင့် အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။

ထို့ကြောင့် ရမည်းသင်းမြို့သည် မြို့ပြစည်ပင်ဖွံ့ဖြိုးလာသကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အစစအရာရာ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာလျက် ရှိပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်အောင်မြင်လမ်း

ရမည်းသင်းမြို့လယ်ရှိ ရန်အောင်မြင်လမ်းကို ထပ်မံတိုးချဲ့သွားရန် ပြင်ဆင်ထားမှုကို ဤသို့ တွေ့ရသည်။

မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့

ယနေ့ ကမ္ဘာကြီးသည် သဘာဝအရင်းအမြစ်များ တစ်စထက်တစ်စ ပြုန်းတီးလာသဖြင့် ဥတုရာသီဖောက်ပြန်မှုအပါအဝင် ဆိုးကျိုးများ စတင်သက်ရောက်နေပြီဖြစ်၍ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်း၊ ရေရှားပါးခြင်းနှင့် အခြားသော သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကို ယခုနှစ်တွင် ယခင်နှစ်များကထက် ပို၍ ကမ္ဘာအနှံ့အပြားတွင် ခံစားခဲ့ကြရပါသည်။ ဤသို့ သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှု၌ အရေးအကြီးဆုံးနှင့် ပဓာနအကျဆုံးအချက်မှာ သစ်တောများ ဆုံးရှုံးမှုကြောင့် ဖြစ်ပါသည်။ သစ်တောသစ်ပင်များ ဆုံးရှုံးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဆီလွှာများပျက်စီးခြင်း၊ ရေကြီးမှုဒဏ်ခံရခြင်း၊ သက်ရှိဇီဝမျိုးနွယ်များ ပျက်သုဉ်းရခြင်းမှစ၍ လူသားတို့၏ အသက်ရှင် ရပ်တည်နိုင်ရေးကိုပါ တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသဖြင့် နိုင်ငံအသီးသီးနှင့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းအသီးသီးတို့က ကမ္ဘာပေါ်တွင် သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ပြန်လည်စိုက်ပျိုးကြရန် အရေးတကြီး လှုံ့ဆော်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

သစ်ပင်သစ်တောတို့၏ လူသားတို့အပေါ် အကျိုးသက်ရောက်ဖြစ်ထွန်းစေမှုများကို လူတိုင်း သိရှိနားလည်ကြပါသည်။ သိရှိနားလည်သည်ဆိုသော်လည်း အချို့အချိန်များ၌ အမှတ်တမဲ့ဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို မေ့လျော့ထားခဲ့ကြပါသည်။ ထူးခြားသော သဘာဝအခြေအနေ တစ်ရပ်ရပ်ဖြင့် ကြုံတွေ့သည့်အချိန်များမှသာ သစ်တောသစ်ပင်တို့၏ အရေးပါပုံကို အလေးထား ဆွေးနွေးပြောဆိုလာကြသည်ကို သိရှိနေရပါသည်။

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီးသည် လူသားများအတွက် မျှတသော သဘာဝအနေအထား (Balance of Nature)ကို ဖန်တီးပေးထားသည်မှာ နှစ်ပေါင်း သန်းနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ စိမ်းလန်းစိုပြည်သော သစ်တောကြီးများ၊ သစ်ပင်ပန်းမန်များသည်လည်း လူသားတို့အား ကမ္ဘာကြီးမှပေးထားသော သဘာဝအမွေအနှစ်များပင် ဖြစ်ပါသည်။ လူသားများအား သဘာဝသယံဇာတ အမွေအနှစ်များ၊ ကောင်းမွန်သော ပတ်ဝန်းကျင်များ ဖန်တီးပေးထားသော ကမ္ဘာကြီးသည် ယနေ့အချိန်၌ ဆိုးရွားသော အနေအထားနှင့် ကြုံတွေ့နေရပါသည်။

ပတ်ဝန်းကျင်ဆိုသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ယေဘုယျအားဖြင့် လူသားတို့ကို ဝန်းရံနေသည့် အရာအားလုံးသည် လူသားတို့၏ ပတ်ဝန်းကျင်ပင် ဖြစ်ပါသည်။ ထိုပတ်ဝန်းကျင် ပျက်စီးမှုသည် လူသားတို့၏ အသက်ရှင်သန်ရေးအထိ ရိုက်ခတ်လာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအပေါ် သက်ရောက်နေသော အချက်များအနက် သစ်ပင်သစ်တောများ ယုတ်လျော့နည်းပါးသွားခြင်းကလည်း အဓိကအချက်တစ်ခုအဖြစ် ပါဝင်လျက်ရှိနေကြောင်း သိရှိနိုင်ပါသည်။

ရှေးယခင်ကာလက ကမ္ဘာမြေကြီး၏ ၆၀ ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းခဲ့ရာမှ ယနေ့အချိန်၌ သစ်တောဖုံးလွှမ်းမှုမှာ ၃၀ ရာခိုင်နှုန်းကျော်သာ ရှိတော့ကြောင်း၊ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုမှာ နှစ် ၁၀၀ အတွင်း ထက်ဝက်ခန့်နှင့် အမြဲစိမ်းသစ်တောဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရကြောင်း သိရှိရပါသည်။ မှတ်တမ်းများအရ ၁၈၅၀ ပြည့်နှစ် နောက်ပိုင်းကာလမှစ၍ သစ်တောပျက်စီးမှုနှုန်းမှာ သိသာစွာများပြားလာကြောင်းနှင့် ပျက်စီးလျော့နည်းရသည့် အဓိကအချက်များအနေဖြင့် ဥရောပတိုက်ရှိသစ်တောများမှာ အက်စစ်မိုးကြောင့်လည်းကောင်း၊ ဆိုက်ဘေးရီးယားရှိသစ်တောများမှာ သစ်ထုတ်လုပ်မှု များပြားသောကြောင့် လည်းကောင်း၊ အပူပိုင်း မိုးသစ်တော (သို့) မုတ်သုံသစ်တောများမှာ အဆိုပါဒေသတွင် မှီတင်းနေထိုင်သော လူဦးရေတိုးပွားမှု အဆမတန် များပြားလာမှုကြောင့်လည်းကောင်း ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

သစ်တောပြုန်းတီးခြင်း (Deforestation)ဆိုသည်မှာ သစ်တော ဖုံးလွှမ်းရာဒေသ (Forested Area) အဖြစ်မှ သစ်တောကင်းမဲ့သောဒေသ အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခြင်းပင်ဖြစ်ပါသည်။ ဖြစ်ရသည့်အကြောင်းရင်းများမှာ တောမီးလောင်ခြင်း၊ တောင်ယာခုတ်ထွင်ခြင်း၊ ထင်းမီးသွေးနှင့် အိမ်ဆောက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူခြင်း၊ လေထုထဲသို့ အဆိပ်အတောက် ထုတ်လွှတ်ခြင်းများကြောင့် သစ်တောများ ပျက်စီးရပါသည်။ သစ်တောပြုန်းတီးမှု၏ အကျိုးဆက်များမှာ များပြားလှပါသည်။ အဓိကအားဖြင့် သဘာဝပတ်ဝန်းကျင် အဆင့်အတန်းနိမ့်ကျလာခြင်း (Degraded Environment) နှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် သစ်တောများပြန်လည်ထူထောင်ခြင်း(Reforestation) ကို ထိရောက်စွာဆောင်ရွက်ရန် ကမ္ဘာနှင့်အဝန်း အလေးထားဆောင်ရွက်နေကြရခြင်း ဖြစ်ပါသည်။ ရေထိန်းသိမ်းပေးထားသော သဘာဝရေကန်များအဖြစ်လည်းကောင်း၊ အပန်းဖြေအနားယူနိုင်သော နေရာများအဖြစ် လည်းကောင်း၊ ရေကောင်းရေသန့် ရရှိစေနိုင်သည့် နေရာဒေသများအဖြစ် လည်းကောင်း၊ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပါအဝင် အခြားအဆိပ်သင့်စေနိုင်သည့်ဓာတ်ငွေ့များကို စုပ်ယူပေးနေသော သဘာဝကာဗွန်စစ်(Filter) များအဖြစ်လည်းကောင်း၊ သားငှက်တိရစ္ဆာန်တို့၏ နေရင်းဒေသ(Habitat) အဖြစ်လည်းကောင်း၊ မြေဆီလွှာအား ရေ/လေတိုက်စားမှုမှ ကာကွယ်တားဆီးပေးခြင်းဖြင့်လည်းကောင်း၊ လေသန့်စင်မှုကို သဘာဝအတိုင်း ဆောင်ရွက်ပေးရာ၌လည်းကောင်း အရေးပါသည့်သစ်ပင်များ ကမ္ဘာကြီးပေါ်တွင် ပြန်လည်ရှင်သန်ရေးမှာ မည်မျှအရေးပါကြောင်း သိရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည်လည်း သစ်ပင်သစ်တောများ ထိန်းသိမ်းရေး၊ ပြုစုစိုက်ပျိုးရေးများကို အလေးထား၍ ရှေးယခင်ကပင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သစ်တောစိုက်ခင်းမျိုးစုံ တည်ထောင်ခြင်းဖြင့် မူလသစ်တော သယံဇာတအရင်းအမြစ်ကြွယ်ဝမှုအနေအထား မယုတ်လျော့စေရန် ဆောင်ရွက်

မောင်ရွှေ(ရမ္မာမြေ)

ခြင်းနှင့်အတူ သစ်တောသစ်ပင် ပြုစုစိုက်ပျိုးရေး၊ ထိန်းသိမ်းရေးတွင် ပြည်သူအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက်လည်း စည်းရုံး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် သဘာဝသစ်တောကြီးအား မှီခိုလျက်ရှိနေကြပါသည်။ အဆိုပါနေရင်းဒေသ ကျေးလက်ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်အတွက် လိုအပ်သော ထင်း၊ မီးသွေး၊ အိမ်တိုင်၊ ခြံတိုင်၊ လယ်ယာသုံးကိရိယာများကို သဘာဝတောအတွင်းမှ ထုတ်ယူသုံးစွဲနေခြင်းအား နည်းလမ်းတစ်ခုခု ရှာဖွေ၍ ဖြည့်ဆည်းပေးနိုင်ပါက သဘာဝတောကြီးများ လျော့နည်းထိခိုက်မှုကို တစ်ဖက်တစ်လမ်းမှ သက်သာစေနိုင်မည် ဖြစ်ပါသည်။ သို့အတွက် သစ်တော(သဘာဝတော) ကြီးများ၏ ပြင်ပတွင် သစ်ပင်များ စိုက်ပျိုးခြင်းအား အလေးထား၍ ဆောင်ရွက်လာကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး FAO ကလည်း နှစ်စဉ် ဇွန်လ ၂၇ရက်နေ့ကို **“ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့”** အဖြစ် သတ်မှတ်၍ ကမ္ဘာနှင့်အဝန်း သစ်ပင်စိုက်ပျိုးရေးကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာလူမျိုးတို့တွင် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးစိတ် ရှေးယခင်ကတည်းက ကိန်းအောင်းတည်ရှိနေပြီး ဖြစ်ပါသည်။ ဥယျာဉ်စိုက်ခြင်း၊ ရေတွင်း ရေကန်ဘေးတွင် အရိပ်အာဝါသကောင်းရရှိစေရန် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းကို ပုဂံခေတ်ကပင် တွေ့ရှိခဲ့ရပါသည်။ **“သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး”** ဟူသော စကားအတိုင်း မြန်မာလူမျိုးတို့ စိုက်ပျိုးတည်ထောင်ထားသော သစ်ပင်တန်းများ၊ သစ်တောအုပ်များကို ကျေးလက်ဘုန်းတော်ကြီးကျောင်းဝင်းများ၊ စာသင်ကျောင်းဝင်းများ၊ ရွာလမ်းများ၊ လယ်ယာကန်သင်းရိုးများတွင် ရှုမဆုံးအောင် တွေ့မြင်နိုင်ပါသည်။

ယနေ့အချိန်၌ ကမ္ဘာမြေပေါ်တွင် လူသားတို့ကို ဆိုးကျိုးသက်ရောက်မှုအဖြစ် ပေါ်ပေါက်နေသော မှန်လုံအိမ်ကို ဖြစ်ထွန်းစေသည့် ဓာတ်ငွေ့များ လေထုထဲသို့ ထုတ်လွှတ်ခြင်း မြင့်မားလျက်ရှိပါသည်။ အဆိုပါ မှန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်ခြင်း၊ ဝင်ရိုးစွန်းမှရေခဲများ လျင်မြန်စွာ အရည်ပျော်၍ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ ရေချိုရှားပါးလာခြင်း စသည့်ဆိုးကျိုးများနှင့် ကြုံတွေ့လာရပါသည်။ ကမ္ဘာ့ဖန်လုံအိမ်ဖြစ်ထွန်းမှု၏ ၂၀ ရာခိုင်နှုန်းမှာ သစ်တောများ ပျက်စီးလျော့နည်းမှုကြောင့်ဖြစ်ကြောင်း သုတေသီများက ဖော်ထုတ်တင်ပြထားပါသည်။

သစ်ပင်များသည် လေထုထဲမှ ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူ၍ သိုလှောင်သိမ်းဆည်းထားပါသည်။ သစ်ပင်သစ်တောများကို ခုတ်လှဲရှင်းလင်းလိုက်ပါက လေထုထဲမှ ကာဗွန်စုပ်ယူသည့်ပမာဏ လျော့နည်းသွားခြင်းသာမက သစ်တောနှင့်သစ်တောမြေများသည် ကာဗွန်ထုတ်လွှတ်ရာများ အဖြစ်သို့ ပြောင်းလဲသွားသဖြင့် ဆိုးကျိုးကို နှစ်ပြန်မျှ သက်ရောက်စေပါကြောင်း လေ့လာသိရှိနိုင်ပါသည်။

သစ်ပင်သစ်တောများသည် လူသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သော သစ်တောထွက်အမျိုးမျိုး ဖြည့်ဆည်းပေးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ နေရင်းဒေသများဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်း အစရှိသည်များအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိနေပါသည်။ သစ်တောနှင့်သစ်တောမြေများ ပျက်စီးပါက စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးများပါ ထိခိုက်ပျက်စီးသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက “နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်၍ တောတောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတု ဖောက်ပြန်လာသဖြင့် သစ်တောများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်ဖြစ်ကြောင်း၊ သစ်တောများ မပြုန်းတီးစေရန်အတွက် ပရမ်းပတာ သစ်ခုတ်မှုများမရှိအောင် တားဆီးကာကွယ်ရမည်ဖြစ်သကဲ့သို့ သစ်တောများ ပြန်လည်စိုက်ပျိုး ပြုစုပျိုးထောင်ရေးကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”ဖြင့် သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်တွင် ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုစုပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် ပညာပေးစည်းရုံးခြင်းကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် သစ်တောပြုစုပျိုးထောင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးဆောင်းပါးများ ရေးသားခြင်း၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် TV Spot များ၊ ပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးရာသီကာလသို့ရောက်ရှိတိုင်း မြန်မာတစ်ဝန်း ပျိုးပင်များကို သိန်းရာနှင့်ချီ၍ ဖြန့်ဝေပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးရန် စည်းရုံးဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပွဲတော်ရက်ကို တစ်ရက်တည်း သတ်မှတ်မထားဘဲ မိုးကာလ အစိုဓာတ်ရရှိမှုအပေါ် အခြေခံ၍ **“မြေဆီစိုခိုက် သစ်ပင်စိုက်”** ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် စိုက်ပျိုးလျက်ရှိပါသည်။

စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်စေရေးအတွက်လည်း ပြုစုနည်းလမ်းများ၊ ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများကိုလည်း ပညာပေးဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့်ပင် **“ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း”** ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတစ်နံတစ်လျား သစ်ပင်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေခြင်းကို မြင်တွေ့နေရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောသယံဇာတကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အစဉ်အလာကို ထိန်းသိမ်းနိုင်ရန်နှင့် နောင်သားစဉ်မြေးဆက်တိုင် သစ်နှင့်သစ်တော သယံဇာတ အမွေကောင်းများ လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ရေး၊ သန့်ရှင်းလှပစိမ်းမြစိုပြည်သော ပတ်ဝန်းကျင်ကောင်းတစ်ရပ် တည်ထောင်နိုင်ရေးတို့အတွက် ဌာနမှ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ မိုးရာသီ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံအဝန်း သစ်ပင်စိုက်ပျိုးခြင်းများအပြင် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူများအားစည်းရုံး၍ ပုဂ္ဂလိကပိုင် ကျွန်းနှင့်သစ်မာစိုက်ခင်းများ တည်ထောင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါသည်။ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်း ၃၆၅၆၅ ဧက တည်ထောင်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကစိုက်ခင်းများ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀၊ တစ်ရွာလျှင် တစ်ဧကစိုက်ခင်းများ တည်ထောင်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေး၊ လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထာဝရရှင်သန်ရပ်တည်ရေး၊ စားဝတ်နေရေးလိုအပ်ချက်များ မပျက်ယွင်း မဆုတ်ယုတ်စေရေးအတွက် အဓိကနေရာမှ အရေးပါသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းရေး၊ ပြုစုစိုက်ပျိုးရေးလုပ်ငန်းကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုနှစ် သစ်ပင်စိုက်ပျိုးရေးရာသီတွင် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက မွေးရာပါ သဘာဝမှ ပေးအပ်သော တာဝန်ကြီးတစ်ရပ်အဖြစ် **“သက်ရှိလောကတည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ **“အလေးထားဆောင်ရွက် စိုက်ပျိုးကြပါစို့”** ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ဗဟန်းအထက(၂)၌ ကျင်းပ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲကို ဇွန် ၁၆ရက် နံနက် ၈နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမြတ်ခိုင်(မြတ်ခိုင်)နှင့် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးစောငွေနှင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အသိပညာပေးဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးစောငွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာနွမ်ဂျာသိုင်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဇီဇဝါလမ်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ ဇွန် ၄ရက်က စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းသွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပြိုင်ပွဲများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကျင်းပ

လားရှိုး ဇွန် ၁၈

၂၀၁၀ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့်ဝတ္ထုတို၊ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲများကို ဇွန် ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ်တို့၌ ကျင်းပခဲ့ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲများကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဦးအောင်မြိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေတ္တတွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးကျင်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ ကြည့်ရှုအားပေးကြသည်။ **(ယာအပေါ်ပုံ)**

ပါဝင်ယှဉ်ပြိုင်

ပြည်နယ်အဆင့် အထိမ်းအမှတ်ပြိုင်ပွဲတွင်ဝတ္ထုတို ၄၅ ဦး၊ဆောင်းပါး ၅၁ ဦး၊ ကဗျာ ၃၇ ဦး၊ တေးသီချင်းတစ်ဦး၊ ပန်းချီ ၃၈ဦး၊ ကာတွန်း ၁၈ ဦး၊ ပိုစတာ ၂၈ဦး၊ ကွန်ပျူတာပန်းချီ ၁၇ဦး၊ ကွန်ပျူတာပိုစတာ (အလွတ်တန်း) ၃၀ စုစုပေါင်း ၂၆၅ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇွန် ၂၆ရက် အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

ကျိုင်းတုံ၌ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ကျိုင်းတုံ ဇွန် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ ပထမလေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် အဆိုပြုလွှာပေးအပ်ပွဲကို ဇွန် ၇ ရက် နံနက်က ကျိုင်းတုံပြည်နယ်ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများမှ ဥက္ကဋ္ဌ ၄၅ ဦး တက်ရောက်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်လေးခရိုင်၏ တင်ပြချက်များကို ဆောင်ရွက်ပြီး အဖွဲ့ဝင်အဆိုပြုလွှာများကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များကို ပညာသင်စရိတ်၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ်ငါးသိန်း၊ မြို့နယ် အလှူရှင်များက လှူဒါန်းငွေကျပ် ၁၄၅၅၀၀၀စုစုပေါင်းငွေကျပ် ၂၉၅၅၀၀၀ **(အပေါ်ပုံ)** ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

(ပြည်နယ် ပြန်/ဆက်)

အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်းမတော်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း အရှည်ပေ ၄၇၇၀၊ အကျယ် ၁၂ ပေ ဆောင်ရွက်မည့်နေရာသို့ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးသိန်းမြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၈

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်၍ ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ၊ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်မိသားစုများ၏ နဝမအကြိမ်မြောက် စုပေါင်း အလှူဒါနပြုပွဲကို အမှတ် ၅၇ အာဇာနည်လမ်း ဗဟန်းမြို့နယ် ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)တည်ရာဓမ္မာရုံကြီး၌ ဇူလိုင် ၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ထုတ်ပြန်ကြေညာ

အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားမိသားစုများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ၀၉-၅၁-၃၆၇၈၉၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းနှင့် ဒေးဒရဲမြို့နယ် အသင်း(ရန်ကုန်)မှ ဇာတိမြေဒေးဒရဲမြို့တွင်လည်း စုပေါင်းလှူဒါန်းပွဲကို သွားရောက်ကျင်းပရန် စီစဉ်ထားရှိပြီး အသေးစိတ်အစီအစဉ်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကွတ်ခိုင်၌ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ကွတ်ခိုင် ဇွန် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် အမှတ်တရ စစ်သည် ကျောက်တိုင် ရင်ပြင်တစ်ဝိုက်တွင် ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်း အမှတ်အဖြစ် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းထိန်နှင့် တပ်ရင်းတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြပြီး ထင်းရှူး ပင် နှင့်ယူကလစ်ပင် စုစုပေါင်း ၂၀၀၀ စိုက်ပျိုးကြသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုးစပါးပျိုးထောင်နည်း လက်တွေ့သရုပ်ပြ

ရိခေါဒါရ် ဇွန် ၁၈

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့တွင် ပလတ်စတစ်ဖြင့် မိုးစပါး ပျိုးထောင်နည်းလက်တွေ့သရုပ်ပြပွဲကို ဇွန် ၁၇ရက် နံနက် ၁၀ နာရီက တောင်သူ ဦးရိုင်ငိုးဇွါလ်လာ၏ ရိဒ်ရေကန်ဘေးလယ်ကွက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုဆွင်းခိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ် မန်နေဂျာ ဦးဇန်ရိုထန်းနှင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဇန်ရိုထန်းက ပလတ်စတစ်ဆန်ခါဖြင့် မိုးစပါး ပျိုးထောင်နည်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုဆွင်းခိုင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ် မန်နေဂျာ ဦးဇန်ရိုထန်းတို့က မိုးစပါး မျိုးစေ့များ လက်တွေ့သရုပ်ပြ ကြဲပက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းသည်

ဗုဗုဇီယာမှုတ်မှု ပိတ်ပင်ရန် ဂရိတိုက်စစ်မှူး ဂီကတ်စ် တောင်းဆို

ဂရိတိုက်စစ်မှူးသီအိုဖာနစ်က ကမ္ဘာ့ဖလားပွဲများ၌ အာဖရိက ပရိသတ်များ၏ ဗုဗုဇီယာတူရိယာမှုတ်သံများကို ပိတ်ပင်ပေးပါရန် ဖီဖာသို့ ဇွန် ၁၈ရက်၌ တရားဝင်စာဖြင့် တောင်းဆိုလိုက်သည်။

စပိန်ဂိုးသမား စိတ်အနှောင့်အယှက်ဖြစ်နေခဲ့

စပိန်ဂိုးသမား ကာစီးလက်စ်သည် ဆွစ်ဇာလန်အသင်းနှင့် ကစားခဲ့သည့်ပွဲ၌ စိတ်အနှောင့်အယှက်ဖြစ်နေခဲ့ကြောင်း၊ မိသားစုအရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကြောင့်ဖြစ်ကြောင်း ၎င်းက ဝန်ခံပြောကြားသည်။

မိမိတို့အသင်း ဗိုလ်စွဲမည်ဟု မာရာဒိုနာ ပြောကြား

တောင်ကိုရီးယားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အာဂျင်တီးနားအသင်းသည် ယခုနှစ်ကမ္ဘာ့ဖလားပွဲ၌ အနိုင်ရဗိုလ်စွဲမည်ဖြစ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇွန် ၁၈ ရက်၌ မာရာဒိုနာက ပြောကြားသည်။

ဘရာဇီးကို စိုးရိမ်စရာမရှိဟု တိုက်စစ်မှူးကာလူးပြောကြား

မြောက်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနှင့် အနိုင်ယူခဲ့သော ဘရာဇီးအသင်းအား မိမိတို့စိုးရိမ်စရာမရှိကြောင်း၊ မိမိတို့အသင်း၏ စွမ်းအားသည် ဘရာဇီးကို ကောင်းကောင်းယှဉ်နိုင်ကြောင်း အိုင်ဗရီကို့စ်တိုက်စစ်မှူးကာလူးက သတင်းထောက်များအား ဇွန် ၁၈ ရက်၌ ပြောကြားသည်။

ပွဲပယ်ခံထားရသည့် ဘောလုံးသမားများ စာရင်းထုတ်ပြန်

ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ဇွန် ၁၈ ရက် ကစားပြီးချိန်အထိ နောက်ရက်ပွဲစဉ်များတွင် ပွဲပယ်ခံထားရသော ကစားသမားများမှာ ဩစတြေးလျအသင်းမှ တင်ကာဟေးလ်၊ အယ်လ်ဂျီးရီးယားအသင်းမှ အနီကတ်ထိထားသည့် ဂီဇယ်၊ ဆားဗီးယားအသင်းမှ နှစ်ဝါ တစ်နီဖြစ်ထားသော လူကိုဗစ်၊ နယူးဇီလန်အသင်းမှ နှစ်ဝါတစ်နီထိထားသည့် ဂလန်မို့စ်နှင့် ဂျာမနီမှ ကလိုဆေး၊ အနီကတ်ထိထားသော တောင်ကိုရီးယား ဂိုးသမားခွန်းနှင့် ဒီကာကျိုင်တို့ဖြစ်ကြောင်း ဖီဖာက ဇွန် ၁၈ရက်၌ သတင်း ထုတ်ပြန်သည်။

ကမ္ဘာ့ဖလားပွဲပြီးလျှင် ဩစတြေးလျနည်းပြ အသင်းမှ နုတ်ထွက်မည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားပါက မိမိသည် ဩစတြေးလျ အသင်းနည်းပြအဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း နည်းပြ ပင်ဗာဘက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇွန် ၁၈ ရက်၌ ပြောကြားသည်။

နည်းပြဒိုမင်နစ်ကို အံ့သြကြောင်း ဇီဒန်း ပြောကြား

မက္ကဆီကိုအသင်းအား နှစ်ဂိုးပြတ် ရှုံးခဲ့သည့်အတွက် မိမိခံစားခဲ့ရကြောင်း၊ နည်းပြ ဒိုမင်နစ်၏ အစီအမံကိုလည်း မိမိအံ့သြကြောင်း ပြင်သစ်အသင်း ခေါင်းဆောင်ဟောင်း ဇီဒန်းက ဇွန် ၁၈ရက်၌ သတင်းထောက်များအား ပြောကြားသည်။

(အင်တာနက်)

ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဖူဆယ်ပြိုင်ပွဲ

ရွှေတဆုပ်အသင်းဗိုလ်စွဲ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇွန် ၁၈ရက် မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပသည်။

ရှေးဦးစွာ မွန်းလွဲ ၂နာရီတွင် တတိယနေရာလုပွဲစဉ်အဖြစ် Win Youth Star အသင်းနှင့် ပျံလွှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ Win Youth Star အသင်းက ၆-၄ ဂိုးဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ရွှေတဆုပ်အသင်းက YZFC အသင်းကို ၈-၄ ဂိုးဖြင့်နိုင်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားသည်။

ချီးမြှင့်

ပွဲအပြီးဆုချီးမြှင့်ပွဲတွင် နှစ်သိမ့်ဆုရသော ပျံလွှားအသင်း၊ တတိယဆုရသည့် Win Youth Star အသင်း၊ ဒုတိယဆုရသည့် YZFC အသင်းနှင့်ဗိုလ်စွဲသွားသော ရွှေတဆုပ်အသင်းတို့အတွက် ဆုတံဆိပ်နှင့် ဆုငွေများကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားအထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲအောက်ပုံ)**

ပံ့ပိုး

အဆိုပါ ဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၂၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နှစ်သိမ့်ဆုအပြင် ဆုငွေကျပ် နှစ်သိန်း၊ တတိယဆုရအသင်းအား တစ်ဦးချင်း ကြေးတံဆိပ်နှင့် ဆုငွေကျပ် ၅သိန်း၊ ဒုတိယဆုရအသင်းအား တစ်ဦးချင်း ငွေတံဆိပ်နှင့် ဆုငွေကျပ် ၁၀ သိန်း၊ ဗိုလ်စွဲသော အသင်းအားတစ်ဦးချင်း ရွှေတံဆိပ်၊ ချန်ပီယံဆုဖလားနှင့်အတူ ဆုငွေ ကျပ် ၁၅သိန်း ချီးမြှင့်ခဲ့ရာ ဆုကြေးငွေများကို Max Cement က ပံ့ပိုးချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ် နိုဝင်ဘာလအတွင်း၌လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်မြင့်တံခွန်စိုက် ဖူဆယ်ပြိုင်ပွဲကြီးတစ်ပွဲ ထပ်မံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဂျပန်အသင်းကို လိမ်မော်ရောင်တွေ ဖုံးလွှမ်းသွားမှာလား
ကင်မရွန်းကို ရေကုန်ရေခန်းကစားရမည့် ဒိန်းမတ်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပနေဆဲ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များကလည်း နာမည်ကြီးအသင်းများ၏ ရလဒ်အပေါ် အားမလိုအားမရဖြစ်လျက်ရှိရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကား ရသမျိုးစုံ၊ ခံစားမှုအဖုံဖုံကို ဖြစ်ပေါ်နေလျက်ရှိသည်။ ဇွန်၁၉ရက်(ယနေ့)၌ နယ်သာလန်နှင့်ဂျပန်၊ ဂါနာနှင့် ဩစတြေးလျ၊ ကင်မရွန်းနှင့် ဒိန်းမတ်တို့ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ အုပ်စုမှ နောက်တစ်ဆင့်တက်ရေး အရေးကြီးသည့် ပွဲစဉ်များပင်ဖြစ်သည်။

နယ်သာလန်နှင့် ဂျပန်

အုပ်စု (င)မှ နယ်သာလန်နှင့် ဂျပန်တို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၄) အဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ နယ်သာလန်က ပွဲဦးထွက်၌ ဒိန်းမတ်ကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရထားပြီး သုံးမှတ်အပြည့်ရရှိထားသလို ဂျပန်တို့ကလည်း

ဒရက်ကွတ် နယ်သာလန်အတွက် ဂိုးသွင်းပေးဦးမှာလား။

အဖွင့်ပွဲ၌ ကင်မရွန်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ သုံးမှတ်သိမ်းပိုက်ထားသည်။ ဒိန်းမတ်ကို အနိုင်ကစားခဲ့သည့် နယ်သာလန်တို့ ခြေစွမ်းကား အားရစရာတော့ မကောင်းချေ။ သို့သော် နယ်သာလန်တို့ စုဖွဲ့မှုကအားပါသည်။ တစ်ဦးချင်းစွမ်းရည်ပိုင်း ကောင်းမွန်ပြီး တစ်ဖက်အသင်းကို ကစားကွက်ထိန်းနိုင်သည်။ ရှေ့တန်း၌ ဗန်ပါစီ၊ ဒရက်ကွတ်နှင့် ဗန်ဒါဗတ်တို့က တစ်ဖက်ဂိုးဧရိယာအတွင်း ရောက်လျှင် ဘောလုံးပျက်မှုများက များနေတတ်သည်။ အဆုံးသတ်ပိုင်း သေချာမှုလိုအပ်နေဆဲဖြစ်သည့် ဗန်ပါစီခြေပေါ်လျှင် နယ်သာလန်တို့ ယခုပွဲ၌ ဂိုးများရနိုင်သည်။ ပြီးခဲ့သည့် ဒိန်းမတ်နှင့်ပွဲ၌ ဒိန်းမတ်နောက်ခံလူအက်ဂါကြောင့် လက်ဆောင်ဂိုးရခဲ့ခြင်းဖြစ်ရာ တိုက်စစ်အား ယခုထက် ထက်မြက်ရန် အားထုတ်ရမည်ဖြစ်သည်။ နယ်သာလန်နောက်တန်းက တောင့်တင်းခိုင်မာသည်ဖြစ်ရာ ဂျပန်တိုက်စစ်မှူးများ ခက်ခဲစွာဖြတ်ကျော်ဂိုးသွင်းရမည့် အနေအထားရှိသည်။

ဂျပန်တို့ကလည်း ပြီးခဲ့သည့်ပွဲ၌ စိတ်ဓာတ်မာကျောမှုကြောင့်သာ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဂျပန်တိုက်စစ်တွင် အိုကူဘို၊ ဟွန်ဒါတို့က အားထားရသူများဖြစ်သည်။ ခေါင်းအေးအေးနှင့် ကစားနိုင်ကြသည်။ သို့သော်ဟိုက်တင်ဂါဦးဆောင်သည့် နယ်သာလန် နောက်တန်းကို ဖြတ်ကျော်ရန် လျင်မြန်မှုနှင့် အင်အားသုံးမှု လိုအပ်နေသေးသည်။ အထူးသဖြင့် ဟာစီဒီနှင့် အိုကူဘိုတို့က တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းရောက်လျှင် စိုးရိမ်စိတ်များနေတတ်ကြသည်။ ဂျပန်အသင်း၏ ကစားအားယခုထက်ပိုအားကောင်းရန် လိုနေသည်။ ကွင်းလယ်ကစားသမားများတိုက်စစ်ကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်လျှင် ဂျပန်တို့ အမှတ်ရရန်မျှော်လင့်နိုင်သည်။ သို့သော် နောက်တစ်ဆင့်တက်ရေးအတွက် နယ်သာလန်တို့ နိုင်ပွဲရလဒ်ကို သိမ်းပိုက်ဖို့အတွက် ကြိုးစားမည်ဖြစ်ရာ ဂျပန်တို့ရေကုန်ရေခန်းခံကစားရမည့် အနေအထားရှိနေသည်။ အားသာမှုရှိနေသည်က နယ်သာလန်ပင်....။

ဂါနာနှင့် ဩစတြေးလျ

အုပ်စု(က)မှ ဂါနာတို့ ဆားဗီးယားကို ပွဲဦးထွက်၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး သုံးမှတ်ရရှိထားသဖြင့် အခြေအနေကောင်းနေသည်။ ဩစတြေးလျက

ဩစတြေးလျ နိုင်ပွဲရရန် ဂါစီရာ ဘယ်လိုဖန်တီးမလဲ။

ကနဦးပွဲ၌ ဂျာမနီကို လေးဂိုးပြတ်ဖြင့် ရှုံးထားသဖြင့်မျှော်လင့်ချက်နည်းနေသည်။ ဂါနာ၏ခြေစွမ်းက ဆားဗီးယားကို နိုင်ခဲ့သော်လည်း ခြေစွမ်းက မထက်မြက်ချေ။ တိုက်စစ်တွင်တာဂို၊ အက်ဆာမိုနှင့် ဘိုရာတန်တို့ ရှိသော်လည်း ဂိုးသွင်းမှုမသေချာ။ ဂါနာတို့အသင်းလိုက် ကစားအားကောင်းသော်လည်း ကွင်းလယ်မှ အင်နန်နှင့် အေယောတို့ကတိုက်စစ်ကိုထိထိရောက်ရောက် မပံ့ပိုးနိုင်။ ဘောလုံးဖြန့်ဝေမှု၌ အပိုအလိုများရှိနေရာ ဂါနာတို့ တိုက်စစ်အဟုန်မှာ ပြင်းထန်မှုမရှိ၊ တုံ့ဆိုင်းနေရာ ယခုပွဲ၌ ပြုပြင်ထားမှ တော်ကာကျမည်။ သို့သော် ဂါနာခံစစ်မှူးများက တစ်ဖက်အသင်း၏ တိုက်စစ်အရှိန်ကို အဝင်အထွက်ရဲရဲဖြင့် ထိန်းနိုင်သည်။ဂါနာခံစစ်မှူးများက ဥပဒေအတွင်းမှ ဟန့်တားနိုင်သည်။ ဂါနာတို့ ကစားအားကောင်းသည် မှန်သော်လည်း တိုက်စစ်ပိုင်း၌ လိုအပ်ချက်များရှိနေရာ သုံးမှတ်အပြည့်ရရန် ကစားသမားနှင့် နည်းစနစ်ပြောင်းလဲမှသာ မျှော်လင့်ချက် ပြည့်ဝနိုင်မည်။

ဩစတြေးလျတို့ကလည်း ဂါနာကို အနိုင်ကစားနိုင်သည့် ခြေစွမ်းမျိုးမရှိချေ။ ကွင်းလယ်ကစားသမားတင်ကာဟေး အနီကတ်ထိပြီး ပွဲပယ်ခံထားရသဖြင့် ယခုပွဲ၌ မပါဝင်နိုင်။ တိုက်စစ်မှူးကီးဝဲလ်ကလည်း တံကောက်ကြောဒဏ်ရာ ထပ်မံရရှိနေသဖြင့် ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်။ ဩစတြေးလျနည်းပြပင်ဗာဘတ်၏ နည်းစနစ်ပိုင်းနှင့်ကစားသမားနေရာချမှုက အရေးကြီးလာသည်။ ဩစတြေးလျတို့ ယခုပွဲ၌ ဂါနာကို အနိုင်ကစားနိုင်မှသာ ကမ္ဘာ့ဖလားခရီးဆက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ရာ ခြေကုန်ထုတ်ရတော့မည်။ ဩစတြေးလျသမိုင်းတွင် နှစ်ကြိမ်ကမ္ဘာ့ဖလားပွဲဆင်နွှဲခဲ့ဖူးရာ နှစ်ကြိမ်စလုံးအုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည့် မှတ်တမ်းရှိသည်။ ယခုဂါနာနှင့်ပွဲသည်လည်း အဆုံးအဖြတ်ဖြစ်နေရာ မှတ်တမ်းသစ်ရေးထိုးနိုင်ရေးအတွက် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ အီတလီကို ခြေရည်တူကစားခဲ့သည့်အတိုင်း ခြေစွမ်းပြနိုင်လျှင် ဂါနာတို့ထံမှ အမှတ်ရနိုင်ဖွယ်ရှိသည်။ ယခုပွဲ၌ နှစ်သင်းစလုံး အင်အားမျှပြီး နိုင်ပွဲရလဒ်အတွက်လည်းဆတူဖြစ်နေသည့် အနေအထားရှိသည်။

ကင်မရွန်းနှင့် ဒိန်းမတ်

အုပ်စု(င)မှ အသင်းများဖြစ်ပြီး ပွဲစဉ်(၂၆)အဖြစ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ကင်မရွန်းက ဂျပန်ကို တစ်ဂိုး-ဂိုးမရှိ ရှုံးထားပြီး အမှတ်မရသေး။ ဒိန်းမတ်ကလည်း နယ်သာလန်ကို နှစ်ဂိုးပြတ်ရှုံးထားသည်။ အရှုံးသမားချင်း ဆုံတွေ့သည့်ပွဲဖြစ်ရာ ပြိုင်ဆိုင်မှုပြင်းထန်မည်။ ကင်မရွန်းတိုက်စစ်မှူးအီတူးက ယခုပွဲအနိုင်ကစားမည်ဟု ကြုံးဝါးထားသည်။ အစဉ်အလာအရ ဒိန်းမတ်ကို အနိုင်ရရှိမှု နည်းပါးခဲ့သည်ဖြစ်ရာ ကင်မရွန်းတိုက်စစ်မှူး အီတူးတို့အုပ်စု မည်သို့ဂိုးသွင်းနိုင်မည်ကို ကြည့်ရမည်။ ဒိန်းမတ်ထက် ကင်မရွန်းတို့က

ကင်မရွန်းအတွက် အီတူး ဂိုးသွင်းရန် လိုအပ်နေပြီ။

လျင်မြန်မှုနှင့် အားသုံးမှုပိုကောင်းမွန်သည်မှာ အမှန်ပင်။ ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ခြင်းမှာ နောက်တန်းအမှားကြောင့် ဖြစ်သည်။ ကင်မရွန်းကွင်းလယ်က ကစားကွက်ကို မထိန်းနိုင်၊ တစ်ဖက်အသင်းတိုက်စစ်ကိုလည်း ဟန့်တားနိုင်မှုလျော့ရဲတတ်သည်ဖြစ်ရာ ကွင်းလယ်ကစားအားကောင်းသည့် ဒိန်းမတ်ကို ထိန်းချုပ်နိုင်ရန် ခဲယဉ်းမည်။ သို့သော် ပွဲအစအဆုံး ကစားအား မချလျှင် ကင်မရွန်းတို့ ယခုပွဲ၌ အမှတ်ရနိုင်မည်ဖြစ်သည်။

ဒိန်းမတ်တို့က ယခုပွဲ၌ ကင်မရွန်းကို အမှတ်ခွဲပေးရန်ပင် စိတ်ကူးမည်မဟုတ်ချေ။ ဒိန်းမတ်၏အားသာချက်မှာ ကွင်းလယ်မှ ပေါလ်ဆင်နှင့် ဂျော်ဂင်ဆင်တို့ဖြစ်သည်။ ရှေ့နောက်ကစားနိုင်သလို တိုက်စစ်ကိုလည်းကူပေးနိုင်သည်။ ဒိန်းမတ်နောက်တန်းက တစ်ဖက်အသင်းအုပ်စုဖွဲ့ တိုက်စစ်ဆင်လာလျှင် ပျာယာခတ်နေတတ်သည်။ အမှားများလုပ်ကာ အလွဲလွဲအချော်ချော်ဖြစ်တတ်သည်။ ဘင့်တနာ ဦးဆောင်သော ဒိန်းမတ်တိုက်စစ်မှူးများ ကင်မရွန်းနောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းနိုင်မှု အနေအထားကလည်း စဉ်းစားစရာဖြစ်နေသည်။ ရိုမီဒါဟီက အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားနိုင်သော်လည်း ဂိုးဧရိယာအတွင်း ပါးနပ်မှုအပိုင်းမရှိချေ။ သို့သော် ဒိန်းမတ်တို့ ကင်မရွန်းနှင့်ဆုံတိုင်း ရလဒ်ကောင်းခဲ့မှုသာများသည်။ အစဉ်အလာကို စောင့်ထိန်းနိုင်မှု ရှိ မရှိကိုသာ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ပြင်သစ်တို့ သမိုင်းဝင်ရှုံးပွဲကြုံတွေ့ခဲ့ရ
မက္ကဆီကို နောက်တစ်ဆင့်တက်ရန် အခွင့်သာ

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၁၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် အုပ်စု(က)မှ ပြင်သစ်နှင့်မက္ကဆီကိုတို့ ဇွန် ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုတို့က နှစ်ဂိုးပြတ်ဖြင့် အံ့အားသင့်ဖွယ် နိုင်ပွဲရရှိခဲ့သဖြင့် နှစ်ပေါင်း ၈၀ အတွင်း ပြင်သစ်တို့ မက္ကဆီကိုအသင်းကို ပထမဆုံးရှုံးပွဲ ကြုံခဲ့ရသည့် သမိုင်းဝင်ဖြစ်ရပ် ထွက်ပေါ်ခဲ့ရသည်။

အခင်းအကျင်း

ပွဲဦးထွက်၌ တစ်မှတ်စီရရှိထားသော အသင်းနှစ်သင်း ဆုံတွေ့ခြင်းဖြစ်သည်။ ပြင်သစ်နည်းပြ ဒိုမင်နစ်က ၄း၂း၃း၁ အခင်းအကျင်းဖြင့် ပွဲထွက်လာသလို မက္ကဆီကိုအသင်းကလည်း ၄း၃း၃ ဗျူဟာဖြင့် ပြင်သစ်ကို ရင်ဆိုင်ခဲ့သည်။ နှစ်သင်းစလုံး သုံးမှတ်အပြည့်ရရှိရေး ခြေကုန်ထုတ်ခဲ့ကြသည်။

တိုက်စစ်

ပြင်သစ်က တိုက်စစ်၌ အနယ်လ်ကာ တစ်ဦးတည်း အထောင်ထားခဲ့သည်။ မာလူဒါ၊ ရစ်ဘာရီနှင့် ဂိုဗူးတို့ကို တိုက်စစ်၌ ဝိုင်းရံစေခဲ့ပြီး မက္ကဆီကို နောက်တန်းကို ကျော်ဖြတ်ကာ ဂိုးရရှိရေး ကြိုးစားခဲ့သည်။ မက္ကဆီကိုတို့က တိုက်စစ်တွင် ဖရန်ကို၊ ဗီလာနှင့် ဒေါ့ဆန်းတို့စ်တို့ သုံးဦးကိုတင်ကာ ပြင်သစ်နောက်တန်းကို ခြိမ်းခြောက်စေခဲ့သည်။

ပြင်သစ်နှင့် မက္ကဆီကိုတို့ပွဲ၌ ပြင်သစ်မှ ရစ်ဘာရီ(၁) ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း....။

နစ်နာ

ပွဲအစ၌ပင် မက္ကဆီကိုတို့ အလွတ်တည်ကန်ဘော ရရှိခဲ့၍ ဒေါ့ဆန်းတို့စ်ကန်သွင်းရာ ဂိုးတိုင်ထိထွက်သွားသဖြင့် မက္ကဆီကို တို့ နစ်နာခဲ့သည်။ ထို့အတူ ပြင်သစ်တိုက်စစ်မှူး အနယ်လ်ကာ၏ အလွတ်တည်ကန်ဘောကလည်း ဂိုးဘားတန်းပေါ် ကျော်သွားသဖြင့် နစ်နာခဲ့ရသည်။

ဂိုးမသွင်းနိုင်

ပြင်သစ်ကစားသမားများက ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မက္ကဆီကို အသင်းဘက်သို့ တိုက်စစ်ဆင်ကစားခဲ့ရသော်လည်း မက္ကဆီကိုတို့က ဟန့်တားနိုင်ခဲ့သဖြင့် ဂိုးမသွင်းနိုင်ခဲ့သလို မက္ကဆီကိုတို့ကလည်း ပြင်သစ်နောက်တန်းကို ကျော်ဖြတ်ပြီး အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးနည်းပါးခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမရရှိခဲ့ချေ။

ဂိုးသွင်း

ဒုတိယပိုင်းပွဲချိန်အတွင်း ပြင်သစ်တို့က ကစားကွက်ထိန်းရင်း မက္ကဆီကို အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သည်။ မက္ကဆီကိုတို့က ၆၂ မိနစ်၌ ဖရန်ကိုအစား အသက် ၃၇ နှစ်အရွယ် ဝါရင့်ကစားသမား ဘလန်ကိုအား ထည့်သွင်းကာ တိုက်စစ်အရှိန်ကိုမြှင့်တင်ခဲ့သည်။ ဘလန်ကိုဝင်ကစားပြီး နှစ်မိနစ်ခန့်အကြာ၌ ကွင်းလယ်မှ ချပေးလိုက်သည့်ဘောလုံးကို မက္ကဆီကို ကွင်းလယ်ကစားသမား ဟာနန်ဒက်စ် ရရှိသွားပြီး ပြင်သစ်နောက်ခံလူများအငိုက်၌ ကျော်ဖြတ်ကာ ဂိုးသမားနှင့်အတွေ့တွင် အေးဆေးစွာကန်သွင်းယူခဲ့သဖြင့် မက္ကဆီကိုတို့အဖွင့်ဂိုး ရရှိသွားသည်။

တုံ့ဆိုင်း

ချေပဂိုးသွင်းယူနိုင်ရေးအတွက် ပြင်သစ်တို့ ကြိုးစားသော်လည်း တိုက်စစ် ထက်မြက်မှုမရှိဘဲ ကစားအား တုံ့ဆိုင်းနေခဲ့သည်။ အနယ်လ်ကာ၏ ကန်သွင်းချက်များကလည်း ဘေးထွက်၊ အပေါ်ထောင်ဖြစ်နေရာ ပြင်သစ်တို့ ချေပဂိုးမသွင်းနိုင် ဖြစ်ခဲ့သည်။

ဒုတိယဂိုး

ပွဲချိန် ၇၈ မိနစ်၌ မက္ကဆီကိုကစားသမား ဘာရီဟာအား ပြင်သစ်ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာ ကစားမှုကြောင့် ပယ်နယ်တီ ပြစ်ဒဏ်ဘောသတ်မှတ်ခဲ့သည်။ ယင်းပယ်နယ်တီကို မက္ကဆီကို ဝါရင့်ကစားသမားဘလန်ကို ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ရာ မက္ကဆီကိုတို့နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး ပြင်သစ်တို့ နှစ်ပွဲကစားပြီးချိန် တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တစ်မှတ်သာရရှိနေသည်။ မက္ကဆီကိုတို့က အုပ်စု(က)၌ နှစ်ပွဲကစား လေးမှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ ။

(အင်တာနက်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွန်း ဦးဆောင်သောအဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ KLLC ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည့် မလေးရှားနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း MDA နှင့် FDI တို့ ပူးတွဲကျင်းပသော (၁၇)ကြိမ်မြောက် သွားဘက်ဆိုင်ရာညီလာခံနှင့် (၆၇)ကြိမ်မြောက် International Scientific Convention and Trade Exhibition သို့ တက်ရောက်ရန်အတွက် ဇွန် ၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း)

19-6 (12).pmd 1 6/19/2010, 1:53 AM

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံတိုင်တာဝါ၊ အခန်း(၃၀၅)၊ တိုက်(အေ)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာဒီမိုကရေစီကွန်ဂရက်(Myanmar Democracy Congress)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာဒီမိုကရေစီကွန်ဂရက်(Myanmar Democracy Congress) ၏အလံပုံစံ

မြန်မာဒီမိုကရေစီကွန်ဂရက်(Myanmar Democracy Congress) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဂုဏ်ယူလျက်ပါ (၂) လသာ

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ (၈)နှစ်ဆက်တိုက် နှစ်စဉ်အောင်ချက် ရာခိုင်နှုန်း ၉၀ ကျော်ကို ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ယခု ၂၀၁၀ခုနှစ်တွင် ဖြေဆိုသူ ၂၇၅ဦး အနက် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူ ၂၀နှင့် အခြားဘာသာရပ်အလိုက် ဂုဏ်ထူးရ ၁၅၈ဦးဖြင့် အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းများတွင် အမြင့်ဆုံးအောင်ချက် ရာခိုင်နှုန်း ၉၅ ဒသမ ၂၇ ရာခိုင်နှုန်းရရှိအောင် ကြိုးစားသင်ယူ၊ ကျက်မှတ်ဖြေဆိုခဲ့ကြသော သမီးကျောင်းသူလေးများနှင့် **အောင်ပွဲအဆင့်ဆင့် မြင့်လို့သာ၊ အထက(၂) လသာပါ**ဆိုသည့် ပညာရေးဦးတည်ချက်ကို ပိုမိုမြင့်မားခိုင်မာအောင် ဆက်လက်တည်ဆောက်ပေးနိုင်သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ့ကျင့်ဝတ်နှင့်အညီ စေတနာအပြည့်ဖြင့် သင်ကြားပေးခဲ့သော ထက်၊ လယ်၊ မူ ဆရာမများအားလုံးအတွက် ရင်ထဲမှ ပီတိများစွာဖြင့် ဂုဏ်ယူရပါကြောင်း။

အမှူးဆောင်အဖွဲ့

မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်။



ရောင်းရန်ရှိသည်

လက်ရှိအသုံးပြုနေသည့် အသင့်ထုတ်လုပ်နိုင်သော သွားပွတ်တံ ထုတ်လုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းမည်။

ဖုန်း-၀၉-၈၆-၂၄၃၇၄၊ ၀၁-၆၆၀၂၇၁။

အမည်မှန်

အဖ ဦးလန်ဂျော်ရိန်ဂျာ၏သမီး ဗန်းမော်မြို့ အထက(၂)နဝမတန်း(F)မှ မရွယ်ဂျီး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မလန်ဂျော်ဘောက်ဟု ပြောင်းလဲခေါ်ပါရန်။

မလန်ဂျော်ဘောက်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ နန်းခမ်းဖြူ၏ P.P No-677223 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၇၆၆၆၈။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ် ၁၅/၂၉၃၊ စေတနာလမ်း၊ ရွှေပေါက်ကံမြို့သစ်နေ သားဖြစ်သူ မောင်ပြည့်ဇင်မြင့် ၁၂/မဘန(နိုင်) ၁၀၃၁၅၈ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါ၍ သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်သဇင်နွယ်

၁၂/ဒဂန(နိုင်)၀၁၂၁၅၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် တင်အောင်မင်း C.D.C-29570 ၏ SID စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁-၅၀၁၄၉။

ဥတုရာသီ တောကိုမှီ၏

သောက်သုံးရေများ ရေနံချောင်း၌ ဖြန့်ဝေ

ရေနံချောင်း ဇွန် ၁၈

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စာဂီကျေးရွာသို့ မေ ၁၁ ရက်က သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာ့ရေနံနှင့် ပြည်သူတို့ပူးပေါင်း၍ အဖွဲ့ပိုင်ရေသယ်ယာဉ် သုံးစီးဖြင့် ရေဂါလန် ၄၀၀၀ခန့် သောက်သုံးရေဖြန့်ဝေပေးခဲ့သည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ် မြန်အောင်မြို့နယ်၌ဖွင့်

မြန်အောင် ဇွန် ၁၈

မြန်အောင်မြို့နယ် မြို့မတဲကြီးကုန်းအုပ်စု မြို့မတဲကြီးကုန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေဖြင့် တည်ဆောက်သော အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့်၁၂ပေရှိ ကျပ် ၂၅သိန်းတန် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၅ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်မြင့်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းထွန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်သူတိုးပွားရေး နည်းလမ်းများဆွေးနွေးပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်က စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရမည့်အချက်များ အား(၄)အားဖြင့် ပေါင်းစပ်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းသော စာအုပ် စာစောင်များကို စာကြည့်တိုက်ကော်မတီဝင် ဦးစိုးတင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်တို့က လက်ခံယူသည်။

(မြို့နယ်ပြန်/ဆက်)

သရုပါ

ရသစာပေမဂ္ဂဇင်းဆိုတာဟာ
စာဖတ်ပရိသတ်ကြီးရယ်
ပါဝင်ရေးသားပေးကြတဲ့
စာရေးဆရာ၊ ဆရာမကြီးတွေရယ်ကြောင့်
ရှင်သန်ကြီးထွားခွင့်လေးရလာတာပါ။
(၈)အုပ်မြောက်
သရုပါ မဂ္ဂဇင်းလည်း
ထပ်မံထွက်ရှိလာပါပြီ။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်မောင်မင်းသူ C.D.C No. 56277 ၏ S.I.D ကတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၀၆၀၉၂၊ ၀၉-၅၁-၆၀၈၂၃။**

အများသိစေရန်

၁၂-၆-၂၀၁၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးအောင်မိုး ၁၂/ဒလန (နိုင်) ၀၃၂၀၆၂၏ အများသိစေရန် ကြေညာခြင်းကို ပြန်လည်ရှင်းလင်းသတိပေးကြေညာပါသည်။

၁၅-၁၀-၂၀၀၉ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အရ ဦးလွင်ဦး ၁၂/မရက(နိုင်) ၀၁၁၈၃၀ထံမှ ငွေများကိုရယူခဲ့ပြီး ၁၅-၁၀-၂၀၀၉ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အရ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလွင်ဦး ၁၂/မရက(နိုင်) ၀၁၁၈၃၀အား မြေကွက် (သို့မဟုတ်)ရောင်းရငွေခွဲဝေပေးရန် သဘောတူ ကတိစာချုပ်များ ချုပ်ဆိုထားပါလျက် အထွေထွေကိုယ်စားလှယ်လွှဲစာအား ၄င်း၏ဆန္ဒတစ်ခုတည်းဖြင့် ရုပ်သိမ်းခွင့်မရှိ၊ တရားမဝင်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။

ဦးလွင်ဦး ၁၂/မရက(နိုင်)၀၁၁၈၃၀။

စဉ့်ကူးချောင်း ဂေါင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

မင်းလှ ဇွန် ၁၈

ပဲခူးတိုင်း သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုမြို့နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးသန်းနိုင်နှင့် ဝန်ထမ်းများသည် ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် မေ ၁၈ရက်က စဉ့်ကူးချောင်း ဂေါင်းဆည်အတွင်းသို့ ငါးခုံးမကောင်ရေ ငါးသားပေါက်နှစ်သိန်းခွဲ ဆည်မြောင်းဝန်ထမ်းများနှင့်အတူ မျိုးစိုက်ထည့်ပေးခဲ့ပြီး **(အပေါ်ပုံ)** မေ ၂၄ ရက်ကလည်း ဂမုန်းဆည်အတွင်း ငါးခုံးမကောင်ရေ ငါးသားပေါက်သုံးသိန်းခွဲခန့် မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ရေနံချောင်း စည်ပင်သာယာ မြေသားလမ်းပြုပြင်

ရေနံချောင်း ဇွန် ၁၈

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယာကြီးပြင်-အင်တော-သမ္ဘားလမ်း အရှည် ၂၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ ပေ မြေသားလမ်းတစ်ကြောင်းထိုး ပြုပြင်ဆောင်ရွက်နေမှုကို မေ ၂၇ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးလှထွေးတို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

(မြို့နယ်စည်ပင်)

သွေးလှူရှင်များဂုဏ်ပြုပွဲ ကျောက်ကုန်း၌ ကျင်းပ

ကျောင်းကုန်း ဇွန် ၁၈

ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် အခမ်းအနားနှင့် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၄ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ဒေါ်သန်းတင်ဆောင်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဦးဇော်မြင့်ထွေးက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းကသွေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ပညာပေးဆွေးနွေး ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် သွေးလှူရှင် ၄၂ဦးတို့အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာရဲဝင်းက (၉၆)ကြိမ်မြောက် သွေးလှူရှင်ဦးမြရီအားလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဒုတိယဦးစီးမှူးဦးဇော်မြင့်ထွေးက (၃၅)ကြိမ်မြောက် သွေးလှူရှင် ဒေါ်ညွန့်ညွန့်အေးအားလည်းကောင်း၊ မြို့နယ်ဆေးရုံကြီးကြပ်ရေးကော်မတီ ဦးသန်းထွဋ်က(၂၈) ကြိမ်မြောက် သွေးလှူရှင် ဦးနိုင်လင်းဦးအားလည်းကောင်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ကြပြီး ကျန်ရှိသည့် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(အပေါ်ဝဲပုံ)** (၁၅၄)

ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဇွန် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမူ ဦးဆောင်၍ ဆရာဝန်များဖြစ်ကြသည့် ဒေါက်တာစန္ဒာမိုး၊ ဒေါက်တာ အေးမွန်ဝင်း၊ ဒေါက်တာနှင်းလဲ့ဖြူနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇွန် ၁၂ရက်မှစ၍ အဖွဲ့များခွဲကာ မင်းရပ်ရပ်ကွက်၊ မြို့မရပ်ကွက်၊ မအူကုန်းရပ်ကွက်၊ ဘီးလင်းတန်းရပ်ကွက်နှင့် အထက(၁)၊ အထက(၂)၊ အလက(မြို့မ)တို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ပြီး ရေတွင်း၊ ရေကန်များကိုလည်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အတူ ကာကွယ်ဆေးများခတ်ခြင်းကိုလည်း ဇွန် ၁၅ရက်အထိ ဆောင်ရွက်ခဲ့သည်။

(၁၇၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၁၈

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသောပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၁၈ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၅)ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၆-၂၀၁၀

သံတွဲမြို့	၄	ဒသမ	၁၃	လက်မ
ဖျာပုံမြို့	၄	ဒသမ	၀၆	လက်မ
မြိတ်မြို့	၃	ဒသမ	၄၇	လက်မ
လောင်းလုံမြို့	၃	ဒသမ	၂၇	လက်မ
သထုံမြို့	၂	ဒသမ	၆၀	လက်မ
ပေါင်မြို့	၂	ဒသမ	၃၆	လက်မ

မန္တလေးတိုင်း ရမည်းသင်းမြို့လယ်ရှိ နာရီစင်ကြီးကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။

ဖွံ့ဖြိုးစည်ပင် ရမည်းသင်းမြို့တစ်ခွင်

➢ သတင်းခရီးသည်-မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရမည်းသင်း ဇွန် ၁၈

ရမည်းသင်းမြို့သည် မန္တလေးတိုင်းအတွင်းရှိ ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ပင်ဖြစ်သည်။ ရန်ကုန်-မန္တလေး မော်တော်ကားလမ်းနှင့် မီးရထားလမ်းများ ဖြတ်သန်းသွားရာ မြို့ဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းသည်။

စာမျက်နှာ ၉ ကော်လံ ၄ ●